# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၁၄) ရက် ၊ အင်္ဂါနေ့ ၊ (6-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV က ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ညှိခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် ကော်ဖီသီးနှံ

ကော်ဖီသောက်သုံးမှုဓလေ့သည် ယနေ့လူ့အဖွဲ့အစည်းတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။ ကော်ဖီကို ယနေ့ လူ့အဖွဲ့အစည်းက မိမိတို့၏ လူနေမှုအဆင့်အတန်းအလိုက် ပုံစံအမျိုးမျိုးဖြင့် သောက်သုံးလျက်ရှိကြသည်။ အသင့်ဖျော်ကော်ဖီမစ်ထုပ်မှအစပြု၍ အဆင့်မြင့် ကော်ဖီသီးသန့်ဆိုင်များထိ အသီးသီး ဈေးကွက်ဝင်အောင်မြင်နေသည်ကို အထင်အရှားတွေ့နိုင်သည်။

ကော်ဖီသမားများအကြိုက် အချို၊ အခါး အရသာအမျိုးမျိုးပါဝင်သော ကော်ဖီမစ်ထုပ်များမှာ တံဆိပ်အမျိုးမျိုးဖြင့် ဈေးကွက်တွင် ရောင်းပန်းလှနေသည်ကိုလည်း တွေ့ရသည်။ ကော်ဖီသောက်သုံးသူများ ရှိနေပြီဆိုလျှင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် လိုအပ်သော ကုန်ကြမ်းသီးနှံကော်ဖီကို စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပေသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာ ၂ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ရာတွင် **မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များစွာရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံဟူ၍ရှိကြောင်း၊ ကော်ဖီသည် နှစ်ရှည်သီးနှံတွင် ပါရှိပြီး ကမ္ဘာတစ်ဝန်း သောက်သုံးကြသည့် ဈေးကွက်ရှိသော သီးနှံတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း** ထည့်သွင်းပြောကြားသွားခဲ့သည်။

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ သာမန်စိုက်ပျိုးမှုနှင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန်ထည့်သွင်းရန် လိုအပ်သည်ဖြစ်ရာ ကော်ဖီစိုက်တောင်သူများအနေဖြင့် ဓာတ်မြေဩဇာကျွေးမွေးမှု စနစ်ကျမှန်ကန်ရမည့်အပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများပြုလုပ်ကာ အကျိုးရှိရှိ အသုံးချကြရမည်ဖြစ်ပေသည်။

ကော်ဖီသီးနှံသည် နှစ်ရှည်သီးနှံတွင်ပါရှိပြီး ကမ္ဘာတစ်ဝန်း သောက်သုံးကြသည့် သီးနှံတစ်ခုဖြစ်ရာ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက်အကျိုးရှိမည့်လုပ်ငန်းတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဟု အကဲဖြတ်နိုင်သည်။ ကော်ဖီစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမှသာလျှင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သောကော်ဖီမှာ ဈေးကွက်တွင် ရောင်းပန်းလှအောင်မြင်မည်ဖြစ်သည်။ မြန်မာ့ကော်ဖီဈေးကွက်ရရှိရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

သို့ဖြစ်ပေရာ မြန်မာ့ရေမြေရာသီဥတုတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်း၍ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဝယ်လိုအားရှိသည့် ဈေးကွက်အောင်မြင်ရန် အလားအလာကောင်းရှိသော သီးနှံအမည်တစ်ခုဖြစ်သည့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ဖြစ်ထွန်းရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ သွားရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား များပြားလာ



**မန္တလေး ဒီဇင်ဘာ ၅**

ခရီးသွားရာသီကာလ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ သွားရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မင်းကွန်းဒေသတွင် ရှေးဟောင်းဘုရားစေတီ၊ ပုထိုးများအပါအဝင် မင်းကွန်းခေါင်းလောင်းကြီး၊ မြသိန်းတန်စေတီ၊ ပုထိုးတော်ကြီး စသည့်ရှေးဟောင်းသမိုင်းဝင်နေရာ အများအပြားရှိကြောင်း၊ ယခု ခရီးသွားရာသီကာလတွင် မင်းကွန်းဒေသသို့ မန္တလေး ဂေါဝိန်ဆိပ်ကမ်း ရေကြောင်းမှ ရေယာဉ်များဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားများ များပြားလျက်ရှိကြောင်း သိရသည်။

"နိုဝင်ဘာလလောက်ကတော့ ဂေါဝိန်ဆိပ်ကမ်းကနေ မင်းကွန်းဘက်ကို ခရီးသည်လိုက်ပါစီးနင်းမှုက အနည်းငယ်လောက်ပဲရှိတယ်။ အခုက ခရီးသွားရာသီကာလဖြစ်တာကြောင့် မန္တလေး ဂေါဝိန်ဆိပ်ကမ်းကနေ မင်းကွန်းဘက်ကို ပြည်တွင်းခရီးသွားလိုက်ပါစီးနင်းမှုက ပြန်ပြီးများလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ သွားရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ နိုဝင်ဘာလ နောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိကြောင်း၊ ဒီဇင်ဘာ ၄ ရက်မှစ၍ ဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ သွားရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘောအပါအဝင် အခြားကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်း အစီးရေ ၂၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်ကုလားပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ကုလားပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ကုလားပဲမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းဝယ် အေးနေခဲ့ကြောင်း၊ ယခုအခါ နှမ်းနှင့် ကုလားပဲ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာပြီး ဈေးကောင်းပါ ရရှိနေကြောင်း သိရသည်။

"နှမ်းနဲ့ ကုလားပဲက အရင်တစ်ပတ်လောက်က အရောင်းအဝယ်ဖြစ်ပေမဲ့လဲ အဝယ်သိပ်မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း နိုဝင်ဘာ ၂၈ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၄၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း နိုဝင်ဘာ ၂၈ ရက်ပေါက်ဈေးအရ ကုလားပဲ (TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၄၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀၊ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၆၅၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀၊ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှ ထွက်ရှိသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှ ထွက်ရှိသည့် မုန်ညင်းဖြူများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ထွက် မုန်ညင်းဖြူများသည် လက်ရှိတွင် သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန် ဝင်ရောက်လျက်ရှိကြောင်း၊ မုန်ညင်းဖြူဈေးနှုန်းများမှာ ပိဿာချိန် ၂၀ ရှိ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ထိ ဈေးရရှိပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) နဲ့ (မြောက်ပိုင်း) ဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါး သွားပါတယ်။ ဈေးကိုတော့ တစ်ရက်ကို ၁၂ ဘီးကား လေးစီး၊ ငါးစီး ပုံမှန်ဝင်ပါတယ်။ အခုနောက်ပိုင်း နယ်စုံဒေသက ထွက်ရှိတဲ့ ကုန်စိမ်းတွေ ဝင်လာရင်တော့ ဈေးလျော့နည်းလာနိုင်ပါတယ်။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းတွေက အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ရောင်းချသူတွေနဲ့ ဝယ်ယူသူတွေလဲ အဆင်ပြေနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် ကျန်ကုန်စိမ်းသီးနှံများဖြစ်သည့် အာလူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောက်ဦးမြို့နယ် ညောင်ပင်လှကျေးရွာ၌ ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်မှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ညောင်ပင်လှကျေးရွာ၌ ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ညောင်ပင်လှကျေးရွာ၌ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့်လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ညောင်ပင်လှကျေးရွာ၌ အလျား ပေ ၆၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၃ ပေနှင့် အလျားပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၃ ပေ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၄ ဒသမ ၀၉၂ သန်းဖြင့် ဇွဲနေမင်းကုမ္ပဏီက ဇူလိုင် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားနှစ်စင်း တည်ဆောက်ပြီးစီးပါက ညောင်ပင်လှကျေးရွာရှိ အိမ်ခြေ ၃၂၅ အိမ်၊ လူ ၁၇၄၂ ဦးတို့၏ လယ်ယာမြေများမှထွက်ရှိသော ထုတ်ကုန်၊ထွက်ကုန်များဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာ ဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်ခင်ဝင်းသူမိသားစုက ဦးဝင်းမြင့်အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယကကြီး ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာဦးမိတ်၊ ဓမ္မဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဆောင်ရွက်ပြီးပါက မကွေးတိုင်းဒေသကြီးရှိ မြို့ပေါင်း ၃၀ ကျော်နှင့် ကျေးရွာပေါင်း ၄၀၀၀ ကျော် လျှပ်စစ်မီးအသုံးပြုနိုင်မည်




တည်ဆောက်ပြီး မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက မကွေးတိုင်းဒေသကြီးရှိ မြို့ပေါင်း ၃၀ ကျော်နှင့် ကျေးရွာပေါင်း ၄၀၀၀ ကျော် လျှပ်စစ်မီး အသုံးပြုနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ သရက်နှင့် ဂန့်ဂေါခရိုင် ငါးခရိုင်ရှိ မြို့ပေါင်း ၃၂ မြို့နှင့် ကျေးရွာပေါင်း ၄၂၀၇ ရွာတွင် လျှပ်စစ်မီးများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ လျှပ်စစ်မီးအသုံးပြုနိုင်ရေးဆောင်ရွက်ပေးရာတွင် မြို့ပေါင်း ၃၂ မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာ ၄၂၀၇ ရွာကို လျှပ်စစ်မီးအသုံးပြုနိုင်ရေးဆောင်ရွက်ပေးရာတွင် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ကျေးရွာ ၂၉၃၃ ရွာ၊ အသေးစား ရေအားလျှပ်စစ်ဖြင့် ကျေးရွာရှစ်ရွာ၊ စပါးခွံလောင်စာစနစ်ဖြင့် ကျေးရွာသုံးရွာ၊ ဒီဇယ်အင်ဂျင်စနစ်ဖြင့် ကျေးရွာ ၈၆၅ ရွာ၊ နေရောင်ခြည်စွမ်းအင်သုံးစနစ်ဖြင့် ကျေးရွာ ၃၉၈ ရွာကို လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့၊ ရွာများ လျှပ်စစ်မီးအသုံးပြုနိုင်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဓာတ်အားခွဲရုံ၊ လိုင်းဆက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဓာတ်အားခွဲရုံ၊ လိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီထိ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အင်ဂျင်နီယာဌာနတွင် ရောင်းချပေးလျက်ရှိကြောင်း၊ တင်ဒါအဆိုပြုလွှာများကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထားကာ အဆိုပါရုံးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။SKL

# စလင်းမြို့နယ် ကျောင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၅**

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျောင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့် အင်ဂျင်နီယာများက ကျောင်းကုန်းကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

စလင်းမြို့နယ် ကျောင်းကုန်းကျေးရွာတွင် လမ်းအရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၆၁၂ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၆၁၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်၊ လူ ၄၂၆ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ပြောပြ၍ သိရသည်။

**အထွေး**

# ကျောက်မဲခရိုင် မြို့နယ်ခြောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၆၆၈ ဧက စိုက်ပျိုးပြီးစီး

**လားရှိုး ဒီဇင်ဘာ ၅**

ကျောက်မဲခရိုင် မြို့နယ်ခြောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့တွင် ဆောင်းရာသီသီးနှံဖြစ်သော ပဲပုပ် ၁၀၆၆၈ ဧကကို နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလပထမပတ်အတွင်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောက်မဲခရိုင်ထဲက မြို့နယ်တွေမှာ ဆောင်းသီးနှံပဲပုပ် ၁၀၆၆၈ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာ စိုက်ပျိုးပြီးဧကတွေမှာ သွင်းအားစုတွေ အချိန်မီရရှိနိုင်စေဖို့အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် စီမံဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်စေဖို့အတွက် ပဲပုပ်စံပြစိုက်ကွက်တွေကိုလဲ ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ် ကာကွယ်ရေးသင်တန်းတွေကိုလဲ ဖွင့်လှစ်ပို့ချပေးနေပါတယ်။ ပဲပုပ်ကို ဒေသထွက်ကုန်တစ်ခုအနေနဲ့ ရည်မှန်းချက်ထားပြီးတော့ အကောင်အထည်ဖော် စိုက်ပျိုးနေပါတယ်"ဟု ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆောင်းသီးနှံပဲပုပ်စိုက်ပျိုးပြီးစီးမှုမှာ ကျောက်မဲမြို့နယ်တွင် ၁၂၅ ဧက၊ သီပေါမြို့နယ်တွင် ဧက ၇၄၀၀၊ နောင်ချိုမြို့နယ်တွင်၂၄၅၃ဧက၊ နမ္မတူမြို့နယ်တွင် ဧက ၄၅၀၊ နမ့်ဆန်မြို့နယ်တွင် ဧက ၁၅၀၊ မန်တုံမြို့နယ်တွင် ဧက ၉၀ တို့ဖြစ်ကြောင်း၊ ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များတွင် ပြီးခဲ့သည့်မိုးရာသီကလည်း မိုးသီးနှံပဲပုပ် ၆၈၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# အနှစ် ၂၀ စီမံကိန်းကာလ၏မြန်မာ့စက်မှုလုပ်ငန်းများ (အပိုင်း-၁၉)

ပါမောက္ခကိုကိုအောင်



**အနှစ် ၂၀ စီးပွားရေးစီမံကိန်းကာလအတွင်းက ရန်ကုန်မြို့ ကုန်သည်လမ်းမြင်ကွင်း။**

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာ၊ သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍတို့မှ ထွက်ရှိသော စက်မှုကုန်ကြမ်းများအပေါ် အခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများကို တိုးချဲ့ထူထောင်ရန် အတွက် အခြေအနေကောင်းများရှိနေခဲ့သည်။ သို့ရာတွင် ဓာတ်သတ္တု၊ ရေနံနှင့် စွမ်းအင် စသောပံ့ပိုးပေးရမည့် ကဏ္ဍကြီးများအနေဖြင့် စက်နှင့်စက်ပစ္စည်း ကိရိယာအခက်အခဲ၊ ကျွမ်းကျင်လုပ်သားအခက်အခဲ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲတို့ကြောင့် လိုအပ်ချက်နှင့်အညီ တိုးတက်လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိသည်ကိုလည်း ဆန်းစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် စက်မှုထွက်ကုန်များဖြစ်ကြသော စားကုန်၊ ဝတ်ကုန်နှင့်သုံးကုန်များကို ဝယ်ယူသုံးစွဲမည့် ပြည်တွင်းဈေးကွက်ကလည်း အသင့်ရှိနေပြီး ပြည်သူပိုင်စက်ရုံကြီးငယ်များအနေဖြင့် အမျိုးအမည် များပြားကာ စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်အလိုက် ထုတ်ကုန်ပစ္စည်းများက စုံလင်သည့်တိုင် ကုန်ထုတ်လုပ်မှုတွင် အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းခဲ့ဟုသာ ဆိုရမည်ဖြစ်သည်။ ပြည်ပသွင်းကုန်ကို အစားထိုးရန် ရည်မှန်းခဲ့သော်လည်း ပြည်တွင်းစက်ရုံထွက်ပစ္စည်းတို့က ပြည်ပမှ နည်းလမ်းအမျိုးမျိုးဖြင့် တိုးဝင်လာသော နိုင်ငံခြားဖြစ်ပစ္စည်းများကို ဟန့်တားနိုင်ခြင်း လုံးဝမရှိခဲ့သကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းကလည်း မရှိခဲ့သဖြင့် စားသုံးသူ ပြည်သူလူထု၏ ဝယ်ယူအားပေးခံရမှုက နည်းပါးခဲ့သည်။ ထို့ပြင် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားက ပြည်တွင်းဈေးကွက်ကို ပြည့်လျှံလွှမ်းမိုးသွားအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သဖြင့်လည်း ထိုဟာကွက်နှင့် အားနည်းချက်များကို အခွင့်ကောင်းယူ၍ ပြည်ပမှ စားကုန်၊ ဝတ်ကုန်နှင့် သုံးကုန်ပစ္စည်းအမျိုးမျိုးတို့က လက်မှုကဏ္ဍ၏ အချို့သောအပိုင်းတွင် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လျာထားချက်များ ပြည့်မီအောင် ဖော်ဆောင်နိုင်ခြင်းမရှိခဲ့သည်ကိုမူ အားမလိုအားမရဖြစ်စေခဲ့သည်။ စက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် အဓိကတွန်းအားပေးရမည့် စက်မှုလက်မှုကဏ္ဍတွင် အကြောင်းအမျိုးမျိုးနှင့်အခက်အခဲအမျိုးမျိုးတို့ကြောင့် အားနည်းချက်များရှိနေခဲ့သည့်အတွက် လယ်ယာကိုအခြေခံသော စက်မှုနိုင်ငံထူထောင်ရေးမှာ စတုတ္ထလေးနှစ် စီမံကိန်းကာလကုန်ဆုံးချိန် ၁၉၈၅-၁၉၈၆ ခုနှစ်ထိ အကောင်အထည်မပေါ်သေးဘဲ အလှမ်းဝေးလျက်ပင်ရှိနေခဲ့သည်ဟုသာ လေ့လာဆန်းစစ်သုံးသပ်မိသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့သမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မြန်မာ့စက်မှုလက်မှုလုပ်ငန်း သမိုင်းစဉ်တစ်လျှောက်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့သော မြန်မာ့စီးပွားရေး အနှစ် ၂၀ စီမံကိန်းမှာ ထူးခြားသည့်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံသားတို့၏ စားဝတ်နေရေးဖူလုံစေရေးအတွက်သာမက မြန်မာ့လူနေမှုအဆင့်အတန်းကိုပါ ခေတ်ကာလအလျောက် မြင့်မားစေခဲ့သည့် မြန်မာ့စက်မှုတစ်ခေတ်ဖြစ်ခဲ့သည်ကိုမူ မည်သူကမျှ ငြင်းနိုင်မည်မဟုတ်ပေ။

အကောင်းနှင့်အဆိုး၊ အားသာချက်နှင့်အားနည်းချက်များ ဒွန်တွဲနေတတ်သည့် လောကဓမ္မတာအရ ပြီးပြည့်စုံသော စနစ်တစ်ရပ်၊ ပြီးပြည့်စုံသောခေတ်တစ်ခေတ်ဆိုသည်မှာ ရှိနိုင်မည်မဟုတ်ပေ။

ဗြိတိသျှတို့ထံမှ မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပြီးနောက် ၂၃ နှစ်အကြာတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့စီးပွားရေး အနှစ် ၂၀ စီမံကိန်းကာလတစ်လျှောက် နိုင်ငံခြားသုံးငွေ လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းနိုင်ရန်အတွက် စက်မှုလက်မှုလုပ်ငန်းများက ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်သာမက ပြည်ပပို့ကုန်တိုးမြှင့်ရေးကိုလည်း ဦးတည်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာ့စီးပွားရေးအခြေအနေ၊ ငွေကြေးလည်ပတ်စီးဆင်းမှုအခြေအနေ စသော အခက်အခဲအမျိုးမျိုးတို့ကြောင့် မျှော်မှန်းသကဲ့သို့ အောင်မြင်မှုမရဘဲ ဖြစ်နေခဲ့သည်။ ပြည်ပဈေးကွက်တွင် အပြိုင်အဆိုင်ရောင်းချရခြင်း၊ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုကို ပိတ်ပင်တားဆီးခံရခြင်း၊ ဈေးကစားခြင်း စသည်တို့နှင့် ရင်ဆိုင်ခဲ့ရသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများကတင်ပို့သော အခြေခံကုန်စည်များ၏ ဈေးနှုန်းကလည်း တည်ငြိမ်မှုလုံးဝမရှိခဲ့သကဲ့သို့ဝယ်လိုအားနှင့် ဈေးနှုန်းကလည်း ကျဆင်းခဲ့သည့်အတွက် များစွာနစ်နာခဲ့ရသည်။ ထို့ပြင် မြန်မာ့ပြည်ပပို့ကုန်များက အရည်အသွေးမမှန်ခြင်း၊ ကမ္ဘာ့ဈေးကွက်လိုအပ်ချက်နှင့်အညီ အရေအတွက်ကို ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်မှုမရှိခြင်း၊ ကမ္ဘာ့ဈေးကွက်ကို လေ့လာမှုအားနည်းခြင်း စသောလိုအပ်ချက်များကလည်း ရှိနေခဲ့သည်။ ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ဝါဂွမ်း စသော အချို့ကုန်ပစ္စည်းများကို အကျိုးအမြတ်မရှိဘဲ အရှုံးနှင့်ပင် တင်ပို့ရောင်းချခဲ့ရသည်။ ပြည်ပပို့ကုန်မှရရှိသော နိုင်ငံခြားသုံးငွေကလည်း စက်မှုလက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသမျှသာ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ စတုတ္ထလေးနှစ် စီမံကိန်းပြီးဆုံးချိန်တွင် ပြည်ပပို့ကုန်ပမာဏကကျဆင်းခဲ့သကဲ့သို့ ပြည်ပပို့ကုန်မှ ရရှိသောဝင်ငွေ၏ ၆၀ ရာခိုင်နှုန်းခန့်ကိုလည်း နိုင်ငံခြားကြွေးမြီများ ပြန်လည်ပေးဆပ်နေရသဖြင့် စက်မှုလက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းကာ စက်စွမ်းအားပြည့်လည်ပတ်နိုင်ခြင်းမရှိဘဲ ကုန်ထုတ်စွမ်းအားကျဆင်းခဲ့ရသည်ကို ဆန်းစစ်တွေ့ရှိရသည်။

အနှစ် ၂၀ စီးပွားရေးစီမံကိန်းမူဝါဒသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုပုံဖော်ရန် ရည်မှန်းချက်ချမှတ်ထားခဲ့သဖြင့် ပိုင်ဆိုင်မှုနှင့်လုပ်ပိုင်ခွင့်တို့ကိုခွဲဝေရာတွင် ပြည်သူပိုင်အခန်းကဏ္ဍကသာ ဦးဆောင်နေခဲ့သည်။ သမဝါယမကို ဒုတိယမဏ္ဍိုင်အဖြစ်သတ်မှတ်ခဲ့သည့်အတွက် ဆိုရှယ်လစ်စီးပွားရေးစနစ်အရ ပုဂ္ဂလိကအခန်းကဏ္ဍက အခွင့်အရေးအနည်းဆုံးဖြစ်ခဲ့ရသည်။ သို့ရာတွင် နိုင်ငံအတွင်း၌ ပုဂ္ဂလိကပိုင်စက်ရုံ အရေအတွက်က အများဆုံးဖြစ်ခဲ့ပြီး စက်မှုလက်မှုကုန်ထုတ်တန်ဖိုးတွင် အများဆုံးပါဝင်ခဲ့သည်။ စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်တန်ဖိုးတိုးတက်ရေးကို ရှေးရှု၍ ပြည်သူပိုင်ကဏ္ဍတွင် ပြုပြင်မှုများကို လုပ်ဆောင်ခဲ့မှုကြောင့် စက်မှုလက်မှုကော်ပိုရေးရှင်းများအနေဖြင့် ၁၉၇၅ ခုနှစ်မှစ၍ စီးပွားရေးဆန်ဆန် လုပ်ကိုင်ခွင့်ရခဲ့ကြသကဲ့သို့ ပုဂ္ဂလိကအခန်းကဏ္ဍ ကျဉ်းမြောင်းသေးငယ်နေမှုကို ပြုပြင်ရန်အတွက်လည်း ၁၉၇၇ ခုနှစ်တွင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ကို တိုးချဲ့ပေးခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကို လယ်ယာကိုအခြေခံသော စက်မှုနိုင်ငံတစ်ခုအဖြစ် ထူထောင်ရန် အနှစ် ၂၀ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများ ရေးဆွဲချမှတ်ကာ ကြိုးပမ်းလုပ်ဆောင်ရာ၌ တိုးပွားလာသောလူဦးရေ၊ မြင့်မားလာသော လူနေမှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ နိုင်ငံအတွင်း စားကုန်၊ ဝတ်ကုန်နှင့် သုံးကုန်တို့အပြင် စက်နှင့်စက်ပစ္စည်းကိရိယာလိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချနိုင်ရန်၊ နိုင်ငံခြားသုံးငွေ ချွေတာနိုင်ရန်နှင့် ပြည်ပပို့ကုန်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားသုံးငွေရရှိစေရန် လုပ်ဆောင်ခဲ့သဖြင့် နိုင်ငံတော်အတွင်း၌ ပြည်သူပိုင်စက်ရုံအမျိုးမျိုးပေါ်ထွန်းခဲ့သည်။ ယခင်က မရှိခဲ့ဖူးသေးသော စက်ရုံကြီးငယ်များကို တည်ဆောက်နိုင်ခဲ့သဖြင့် လူနေမှုအဆင့်အတန်းကို တိုးတက်မြင့်မားစေသော ခေတ်မီစားကုန်၊ ဝတ်ကုန်နှင့် သုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် စက်စွမ်းအားပြည့်လည်ပတ်ပြီး စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးကို အရှိန်အဟုန်ကောင်းကောင်းဖြင့် တိုးတက်စေရန်နှင့် ရည်မှန်းချက်၊ လျာထားချက်များ ပြည့်မီစေရန်တို့အတွက် အရေးကြီးသော ကဏ္ဍအသီးသီးတို့၏ ပံ့ပိုးဖြည့်ဆည်းနိုင်မှုက အားနည်းခဲ့သည်။ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ အခြေခံဖြစ်သော လယ်ယာကဏ္ဍနှင့် သစ်တောကဏ္ဍ စသည်တို့ကလည်း စက်မှုလုပ်ငန်းများနှင့် တစ်ပြေးညီတိုးတက်ခြင်း မရှိခဲ့သောကြောင့်လည်း အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဆန်းစစ်တွေ့ရှိရသည်။

**❖ မည်သို့ပင်ဆိုစေကာမူ မြန်မာ့သမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မြန်မာ့စက်မှုလက်မှုလုပ်ငန်း သမိုင်းစဉ်တစ်လျှောက်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့သော မြန်မာ့စီးပွားရေး အနှစ် ၂၀ စီမံကိန်းမှာ ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံသားတို့၏ စားဝတ်နေရေးဖူလုံစေရေးအတွက်သာမက မြန်မာ့လူနေမှုအဆင့်အတန်းကိုပါ ခေတ်ကာလအလျောက် မြင့်မားစေခဲ့သည့် မြန်မာ့စက်မှုတစ်ခေတ်ဖြစ်ခဲ့သည်ကိုမူ မည်သူကမျှ ငြင်းနိုင်မည်မဟုတ်ပေ။ ❖**

တရားဝင်နည်းလမ်းများဖြင့်လည်းကောင်း၊ မှောင်ခိုနည်းလမ်းဖြင့်လည်းကောင်း ပြည်တွင်းသို့ ဝင်ရောက်ကာ အခိုင်အမာနေရာယူခဲ့ကြသည်။ စီးပွားရေးစင်ပြိုင်မှောင်ခိုဈေးကွက် ကြီးထွားနေခြင်းကို ပိတ်ပင်ဟန့်တားနိုင်မှုမရှိခဲ့ခြင်းကလည်း စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးအားနည်းစေခဲ့ကြောင်း အထင်အရှားတွေ့ရှိရသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကို လယ်ယာကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ထူထောင်ရန် နှစ်တိုနှစ်ရှည် ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများဖြင့် ချမှတ်လုပ်ဆောင်ခဲ့ရာ၌ အနှစ် ၂၀ စီမံကိန်းကာလ၏ စတုတ္ထလေးနှစ်စီမံကိန်းပြီးဆုံးချိန် ၁၉၈၅-၁၉၈၆ ခုနှစ်ထိသော ကာလတွင် စက်မှုတွင် စီးပွားရေးမူဝါဒ ချမှတ်ပေးခဲ့ကြသူများ၊ စီမံကိန်းကြီးကို ရေးဆွဲပေးခဲ့ကြသော ပညာရှင်ကြီးများ၊ လက်တွေ့တည်ထောင် အကောင်အထည်ဖော်ပေးခဲ့ကြသော ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့မှ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ အသီးသီးမှပါဝင်ခဲ့ကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကာယဉာဏလုပ်သားများအားလုံးသည် သမိုင်းဝင်ခေတ်တစ်ခေတ်၊ သမိုင်းဝင်စနစ်တစ်ရပ်ကို ပုံဖော်ပေးခဲ့ကြသူများဖြစ်ကြသောကြောင့် လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးများအဖြစ် မှတ်တမ်းတင်လိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး မြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ မြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက် ၅၉၄၄ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၉၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၆၅၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်အတွင်း ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ် တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်တွေကို GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့ စိုက်ခင်းကထွက်ရှိလာတဲ့ သီးနှံတွေ ဓာတုကင်းလွတ်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များမှာ တိုင်ထောင်ပဲ၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ မုန်ညင်း၊ နံနံ စသည့်သီးနှံများဖြစ်ကြောင်း၊ မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၂၃၂၉ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၆၁၅ ဧက စုစုပေါင်း ၅၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၂၆၇၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်ဧက ၃၉၁၀ စုစုပေါင်း ၆၅၈၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

မော်လိုက်ခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (၂၀၆)



## ဆောင်းနံနက်ခင်း

- မြောက်ပြန်လေ ကျီစယ်ငွေ့
  နှင်းငွေ့ဝေ နံနက်ခင်း၊
  ကျန်းမာခြင်း လာဘ်တစ်ပါး
  ကြိုးစားဖွေရင်း။

- လေရှူရင်း လမ်းကိုလျှောက်
  ရေများများသောက်ကြပါ
  ဆေးဝါးဓာတ်စာ၊
  အဆီအအိမ့်ရှောင်ပါ
  အချိုမှာ လျှော့ကာစား၊
  ကိုယ်ခန္ဓာ အနာကင်း
  သက်ရှည်ခြင်းတစ်ပါး။

- ဆောင်းနှင်းဖြူ ဘယ်လိုအေး
  စောင်ခြုံကွေးမနေနဲ့ဗျာ၊
  ကိုယ်ခန္ဓာ ကျန်းမာရေး
  လမ်းလေးလျှောက်ပါ၊
  သွေးသားများ သန့်စင်လာ
  ကြည်လင်ကာ စိတ်အေးချမ်း၊
  ဘဝတာ လမ်းမဆုံးခင်
  အပြုံးပွင့်လန်း။ ။

**နွေလှိုင်း(နတ်မောက်)**

# ဆိပ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၄ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးအတွက် ငွေကျပ် ၁၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးအတွက် ငွေကျပ် ၄၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအတွက် ငွေကျပ် ၂၈ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးအတွက် ငွေကျပ် ငါးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၁၉၈ သိန်း ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

# စလင်းမြို့နယ် ကူတို(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကူတို(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကူတို(တ)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၆၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ စလင်းမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄ ရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**စင်မာ**

## နိုင်ငံတကာ သတင်းများ

# ယူအေအီးသမ္မတ ဘင်ဇာယက်အယ်လ်နာယန် ကာတာနိုင်ငံသို့ ရောက်ရှိ

**ဒိုဟာ ဒီဇင်ဘာ ၅**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သမ္မတရှိတ်ခ်မိုဟာမက် ဘင်ဇာယက်အယ်လ်နာယန်သည် ယနေ့တွင် ကာတာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် ကာတာနိုင်ငံကို ဆော်ဒီအာရေဗျနှင့်အာရပ်မဟာမိတ်နိုင်ငံများက သပိတ်မှောက်ခဲ့ပြီးနောက်ပိုင်း ယူအေအီးသမ္မတ၏ ပထမဆုံးကာတာခရီးစဉ်ဖြစ်သည်။

ယူအေအီးသမ္မတ ဘင်ဇာယက်အယ်လ်နာယန်သည် ကာတာနိုင်ငံ ဒိုဟာမြို့သို့ ရောက်ရှိခဲ့ပြီးနောက် ကာတာစော်ဘွား တာမင်ဘင်ဟာမက်အယ်လ်သာနီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယူအေအီးသမ္မတ၏ ကာတာခရီးစဉ်သည် ပင်လယ်ကွေ့ဒေသ သွေးစည်းညီညွတ်ရေး ကြိုးပမ်းမှု၏ ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကာတာသမ္မတ၏ သံတမန်ရေးအကြံပေးအန်ဝါဂါဂတ်ရှ်က တွစ်တာစာမျက်နှာ၌ ရေးသားထားသည်။

ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့သည် ကာတာနိုင်ငံအပေါ် သုံးနှစ်ခွဲကြာ ပြုလုပ်ခဲ့သည့် သပိတ်မှောက်ပိတ်ဆို့မှုများကို ပြီးခဲ့သည့်နှစ်စပိုင်းက ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

အဆိုပါပင်လယ်ကွေ့နိုင်ငံများသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက် ပြုနေသည်ဟူသော စွပ်စွဲချက်ဖြင့် ကာတာနိုင်ငံကို သံတမန်ရေးအရ သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။ KKO



# နိုင်ငံပိုင် ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက် ထားရှိရေးအစီအစဉ် မလေးရှားပြန်လည်သုံးသပ်မည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**

နိုင်ငံပိုင်ပဉ္စမမျိုးဆက်မိုဘိုင်းလ်ဖုန်းကွန်ရက် တည်ဆောက်ရေး အစီအစဉ်ကို ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ဦးဆောင်သည် မလေးရှားအစိုးရအဖွဲ့သစ်က ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံပိုင် ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက် ထားရှိရေးအစီအစဉ်ကို ဝန်ကြီးချုပ် မူယစ်ဒင်ယက်ဆင်ဦးဆောင်သည့် ယခင်မလေးရှားအစိုးရအဖွဲ့က ၂၀၂၁ ခုနှစ်အတွင်း အဆိုပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက်ကို နိုင်ငံတော်က ချုပ်ကိုင်ထားမည့်အစီအစဉ်ကြောင့် မလေးရှားနိုင်ငံအတွင်းရှိ အဓိကဆက်သွယ်ရေး ကုမ္ပဏီများကြား အစိုးရ၏ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ စိုးရိမ်ခဲ့ကြသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် နိုင်ငံပိုင်ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက်ထားရှိရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင်က အစိုးရအဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့သည်။

နိုင်ငံပိုင် ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက် ထားရှိရေးအစီအစဉ်ကို အစိုးရအဖွဲ့သစ်က ပြန်လည်သုံးသပ်ရန် စီစဉ်နေမှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်ယက်ဆင်က တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

နိုင်ငံပိုင် ပဉ္စမမျိုးဆက် ဆက်သွယ်ရေးကွန်ရက် ထားရှိရေးအစီအစဉ်ကြောင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်း၊ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခြင်း၊အခြေခံအဆောက်အအုံများ တည်ဆောက်မှုကို အရှိန်မြှင့်တင်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများရှိမည်ဟု ယခင်မလေးရှားအစိုးရဟောင်းက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# တောင်ကိုရီးယားသမ္မတက အလုပ်ခွင်ပြန်လည်ဝင်ရောက်ရေးအမိန့်သစ်ထုတ်ပြန်ရန် ပြင်ဆင်




**ဆိုးလ် ဒီဇင်ဘာ ၅**

ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းအတွက်သာမက အခြားထုတ်ကုန်ကဏ္ဍများ၌ပါ အလုပ်ခွင်ပြန်လည်စတင်ရေးအမိန့်သစ် ထုတ်ပြန်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ဖော်ပြခဲ့သည်။

ကုန်တင် ယာဉ်မောင်းများ၏ ပြည်လုံးကျွတ်သပိတ် ၁၀ ရက်ကျော်ကာလအတွင်း ဝင်ရောက်လာချိန်၌အလုပ်ခွင်ပြန်စရေးအမိန့်သစ်တစ်ရပ်ထုတ်ပြန်ရန်တောင်ကိုရီးယားသမ္မတက စီစဉ်နေခြင်းဖြစ်သည်။

ရှေးရိုးစွဲ အုပ်စုဝင်တစ်ဦးဖြစ်သည့် သမ္မတ ယွန်ဆွတ်ယိုးသည် ဒီဇင်ဘာ ၁ ရက်က တောင်ကိုရီးယားနိုင်ငံ သမိုင်းတစ်လျှောက် ပထမဆုံးအလုပ်သမားများ အလုပ်ခွင်ပြန်ဝင်ရေးအမိန့်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်အရ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းမှ ကုန်တင်ယာဉ်မောင်း ဦးရေ ၂၅၀၀ တို့ကို အလုပ်ခွင်ပြန်ဝင်ရန် ညွှန်ကြားထားပြီး လိုက်နာမှုမရှိသူများကို အပြစ်ပေးမည်ဖြစ်သည်။

ထို့အတူ ရေနံချက်လုပ်ငန်းနှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကဲ့သို့ လုပ်ငန်းနယ်ပယ်များ၌ အလုပ်ခွင်ပြန်ဝင်ရေးအမိန့် ထုတ်ပြန်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို သမ္မတ ယွန်ဆွတ်ယိုးက ဒီဇင်ဘာ ၄ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

ကုန်တင် ယာဉ်မောင်းများ၏ သပိတ်ကာလ ပထမခုနစ်ရက်အတွင်း တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းများမှာ ကုန်စည်များ သယ်ယူပို့ဆောင်နိုင်မှု မရှိခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ဆုံးရှုံးနစ်နာခဲ့ရကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယားနိုင်ငံက အရှေ့ဘက်နှင့် အနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း အမြောက်ကျည် ၁၃၀ ခန့်ထိ ပစ်ခတ်

**ဆိုးလ် ဒီဇင်ဘာ ၅**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်နှင့်အနောက်ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်များအတွင်းသို့ အမြောက်ကျည် ၁၃၀ ခန့်ထိ ပစ်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားက ပစ်ခတ်ခဲ့သောအမြောက်ကျည်များအနက် အချို့မှာတောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ရေပြင်နယ်နိမိတ်အနီးကြားခံဇုန်အတွင်း ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

နှစ်နိုင်ငံရေပြင်နယ်နိမိတ်ကြားခံဇုန်အတွင်း မြောက်ကိုရီးယားအမြောက်ကျည်များ ကျရောက်မှုကို ၂၀၁၈ ခုနှစ်တွင် ရယူခဲ့သည့် နယ်စပ်တင်းမာမှု လျှော့ချရေးသဘောတူညီချက်ကို ချိုးဖောက်မှုအဖြစ် တောင်ကိုရီးယားအစိုးရက ဝေဖန်ထားသည်။

အမြောက်ကျည်များကြားခံဇုန်အတွင်း ကျရောက်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားစစ်ဘက်က မြောက်ကိုရီးယားစစ်ဘက်ကို ဆက်သွယ်၍ အကြိမ်ကြိမ်သတိပေးခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမြောက်ပစ်ခတ်မှုသတင်းနှင့်ပတ်သက်၍ မြောက်ကိုရီးယားအစိုးရက တစ်စုံတစ်ရာထုတ်ပြန်ကြေညာခြင်းမျိုး မရှိသေးကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် ပြီးခဲ့သည့်လများအတွင်း စစ်ရေးလှုပ်ရှားမှုများ မြှင့်တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO



# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ရာသီဥတုပိုအေးလာမှုကြောင့် လေထုညစ်ညမ်းမှုပြဿနာ ပိုမိုဆိုးရွားလာ

**ဒေလီ ဒီဇင်ဘာ ၅**

ရာသီဥတု ပိုအေးလာမှုကြောင့် လေထုညစ်ညမ်းမှုပြဿနာ ပိုမိုဆိုးရွားလာသည့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ယနေ့၌ မီးခိုးမြူမှုန်များ သိပ်သည်းအုံ့ဆိုင်းနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် မီးခိုးမြူမှုန်များ အုံ့ဆိုင်းမှုပြဿနာကို လျှော့ချရေးအတွက် အိန္ဒိယအစိုးရက နယူးဒေလီမြို့တွင်းနှင့်မြို့ဝန်းကျင်ရှိ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများလည်းပတ်မှုကိုပိတ်ပင်ထားသည်။

ရာသီဥတုပို၍ အေးမြလာမှုနှင့်အတူ လေးလံလာသည့် လေထုအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဖုန်မှုန့်များ၊ မော်တော်ယာဉ်အိတ်ဇောငွေ့များနှင့် အိမ်နီးချင်းပြည်နယ်များ၌ တောရှင်းမီးရှို့မှုများပြုလုပ်မှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးများစုစည်းနေတတ်မှုကြောင့် ဆောင်းရာသီကာလတိုင်း နယူးဒေလီမြို့မှာ လေထုညစ်ညမ်းမှု ပြဿနာနှင့် ရင်ဆိုင်ရလေ့ရှိသည်။

ယနေ့တွင် နယူးဒေလီမြို့၏ လေထုအရည်အသွေးအညွှန်းကိန်းများမှာ ၃၅၀ နှင့် ၄၀၀ ကြား ကျဆင်းခဲ့ရပြီး လေထုအရည်အသွေး လွန်စွာဆိုးရွားမှုအဆင့်သို့ ရောက်ခဲ့ရသည်။

လေထုညစ်ညမ်းမှုပြဿနာကို လျှော့ချရေးအတွက် နယူးဒေလီမြို့အာဏာပိုင်များသည် မြို့တွင်း၊ မြို့ပြင် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများကို ပိတ်ပင်ထားသည့်အပြင် မြို့တွင်းနယ်မြေအချို့၌ လေထုကိုသန့်ရှင်းရန် ကြိုးစားသည့်အနေဖြင့် ရေများဖျန်းပက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် လေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရေးအတွက် ဒေလီမြို့တွင်း၌ ဒီဇယ်လောင်စာသုံး သုံးဘီးယာဉ်များ ပြေးဆွဲမှုကိုလည်း ပိတ်ပင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာအာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူး နှစ်ဦးသည် ဒီဇင်ဘာ ၃ ရက်က နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၄ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပြင်ပသို့ ထွက်ခွာစဉ် နာဆာအာကာသယာဉ်မှူး ဂျိုရှ်ကက်ဆာဒါနှင့် ဖရင့်ခ်ရူဘီယိုတို့သည် နေစွမ်းအင်ပြားသစ် တစ်ချပ်ကို အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူးနှစ်ဦး အာကာသစခန်းပြင်ပသို့ ထွက်ခွာချိန်မှာ ခုနစ်နာရီနှင့်ငါးမိနစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူးများသည် ဒီဇင်ဘာ ၁၉ ရက်တွင်လည်း နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ နေစွမ်းအင်ပြားသစ်တစ်ချပ်တပ်ဆင်ရန် စီစဉ်ထားသည်။

ဒီဇင်ဘာ ၃ ရက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် နိုင်ငံတကာအာကာသစခန်းသမိုင်းတစ်လျှောက် ၂၅၆ ကြိမ်မြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် နိုင်ငံတကာအာကာသစခန်း၌ နေစွမ်းအင်ပြားသစ် ခြောက်ခု ထပ်မံတပ်ဆင်ရန် စီစဉ်ထားရာ သုံးခုထိ တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## လွန်ခဲ့သောနှစ် ၃ ဒသမ ၄ ဘီလီယံခန့်က အချင်း ၅ ဒသမ ၅ မိုင်ရှိ ဂြိုဟ်သိမ်ကျရောက်ခဲ့မှုကြောင့် အင်္ဂါဂြိုဟ်ပေါ်၌ မဟာဆူနာမီလှိုင်းများ ပေါ်ထွက်ခဲ့ဖူး

**ဝါရှင်တန် ဒီဇင်ဘာ ၅**

အရွယ်အစားအားဖြင့် အချင်း ၅ ဒသမ ၅ မိုင်ရှိသော ဂြိုဟ်သိမ်တစ်စင်း ကျရောက်ခဲ့မှုကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၄ ဘီလီယံက အင်္ဂါဂြိုဟ်ပေါ်၌ မဟာဆူနာမီလှိုင်းများ ပေါ်ထွက်ခဲ့ဖူးကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်ကြောင့် အင်္ဂါဂြိုဟ် ရှေးဟောင်းသမုဒ္ဒရာတစ်ခု၌ အမြင့်ပေ ၈၂၀ ထိရှိသည့် မဟာဆူနာမီလှိုင်းများ ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များထံမှ ရရှိထားသော အင်္ဂါဂြိုဟ်မြေမျက်နှာပြင် မြေပုံများကို လေ့လာခဲ့ရာ အင်္ဂါဂြိုဟ်မဟာဆူနာမီလှိုင်းများ ဖန်တီးခဲ့သော ဂြိုဟ်သိမ်ကျရောက်ခဲ့ရာ နေရာအဖြစ် ယူဆရသော ဥက္ကာချိုင့်ဝှမ်းတစ်ခုကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။



ပိုးလ်အမည်ရှိ အဆိုပါဥက္ကာချိုင့်ဝှမ်းသည် အချင်း ၆၈ မိုင်ရှိပြီး အင်္ဂါဂြိုဟ်မြောက်ပိုင်း မြေနိမ့်ဒေသ၌ တည်ရှိသည်။

အင်္ဂါဂြိုဟ် ပင်လယ်ရေမျက်နှာပြင်ထက် မီတာ ၁၂၀ ပိုနိမ့်သော အဆိုပါဒေသသည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၂ ဘီလီယံ ခန့်က သမုဒ္ဒရာတစ်စင်းတည်ရှိခဲ့ရာ နေရာဖြစ်နိုင်ကြောင်း သိရသည်။

ပိုးလ်ဥက္ကာချိုင့်ဝှမ်းတည်ရှိခဲ့ရာ နေရာသို့ အရွယ်အစားအားဖြင့် အချင်း ၅ ဒသမ ၅ မိုင်ရှိဂြိုဟ်သိမ်တစ်စင်းကျရောက်ခဲ့ရာ ယမ်းဘီလူးတီအင်န်တီမဂ္ဂါတန် ၁၃ သန်းနှင့် ညီမျှသည့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နောက်ဆက်တွဲအဖြစ် ပေါ်ထွက်လာသော ရေမဆူနာမီလှိုင်းများသည် ဂြိုဟ်သိမ်ကျရောက်ရာနေရာနှင့် မိုင်ပေါင်း ၉၃၂ မိုင် အကွာထိရောက်ရှိခဲ့သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများ ကမ္ဘာမြေပေါ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၅**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးသုံးဦးတို့သည် ဒီဇင်ဘာ ၄ ရက်က ကမ္ဘာမြေပေါ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ ရေးသားတင်ပြထားသည်။

အာကာသယာဉ်မှူး ချန်တောင်၊ လျူယန်းနှင့်ကိုရှုကျိုတို့ ပြန်လည်လိုက်ပါလာသော ရှန်ကျိုး-၁၄ မစ်ရှင် ကမ္ဘာမြေဆင်းယာဉ်သည် တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားဒေသသို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက်ရှိလာသည့် အာကာသယာဉ်မှူး သုံးဦးတို့၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေမှာ ကောင်းမွန်မှုရှိသည်ဟု တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးသုံးဦးသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ခြောက်လကြာနေထိုင်၍ တီယန်ကောင်း အာကာသစခန်းယာဉ် တည်ဆောက်ရေးလုပ်ငန်းကို အပြီးသတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၎င်းအာကာသယာဉ်မှူးသုံးဦး လိုက်ပါလာသော ရှန်ကျိုး-၁၄ ကမ္ဘာမြေဆင်းယာဉ်သည် ဒီဇင်ဘာ ၄ ရက်က မြေပြင်စခန်း၏ထိန်းချုပ်မှုဖြင့် ရှန်ကျိုး-၁၄ ကမ္ဘာပတ်ယာဉ်မှ ခွာထွက်ခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာမြေပေါ်သို့မဆင်းသက်မီ ရှန်ကျိုး-၁၄ အာကာသယာဉ်မှူးများသည် တီယန်ကောင်းအာကာသစခန်းတာဝန်များကို ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးသုံးဦးထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## Lecanemab ဆေးက အယ်ဇိုင်းမားလူနာ၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၅**

Lecanemab အမည်ရှိ စမ်းသပ်ဆဲ အယ်ဇိုင်းမားဆေးတစ်မျိုးသည် အယ်ဇိုင်းမားရောဂါလူနာများ၏ စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကို အရှိန်လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၄ ရက်က ရေးသားတင်ပြထားသည်။

သို့ရာတွင် Lecanemab ဆေး၏ ဘေးကင်းလုံခြုံမှုမှာ စိုးရိမ်ရမည့် ပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လက်တွေ့စမ်းသပ်မှုရလဒ်များအရ Lecanemab ဆေးမှာ ဦးနှောက်အတွင်း အမိလွိုက် (Amyloid) ခေါ် ပရိုတင်းတစ်မျိုးစုစည်းမှုကို လျှော့ချပေးနိုင်ရာ အကျိုးဆက်အားဖြင့် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကိုလည်း အရှိန်လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Lecanemab ဆေးသည် ဦးနှောက်ရောင်ရမ်းမှု၊ ဦးနှောက်သွေးယိုမှု စသည့်ပြဿနာများနှင့်လည်း ဆက်စပ်နေဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ အယ်ဇိုင်းမားရောဂါ စတင်ဖြစ်ပွားခါစအဆင့်ကို ကုသရာတွင် Lecanemab ဆေး၏ ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို အတည်ပြုနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံလုပ်ဆောင်ရန်လိုကြောင်း၊ အဆိုပါဆေးမှာ အကျိုးလည်းရှိသလို ဘေးကင်းလုံခြုံမှု ပြဿနာများလည်းရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO

## စမ်းသပ်ဆဲ HIV ကာကွယ်ဆေးသစ်တစ်မျိုးက ပထမအဆင့်စမ်းသပ်မှု၌ ရလဒ်ကောင်းများပေါ်ထွက်

**နယူးယောက် ဒီဇင်ဘာ ၅**

ခုခံအားကျဆင်းမှုရောဂါ(HIV) ပိုင်းရပ်ကာကွယ်ဆေးသစ်တစ်မျိုးသည် လူသားများဖြင့်ပြုလုပ်ခဲ့သည့် ပထမအဆင့် လက်တွေ့စမ်းသပ်မှုတွင် ရလဒ်ကောင်းများပေါ်ထွက်ခဲ့ကြောင်း CNN သတင်းဌာနက ဒီဇင်ဘာ ၄ ရက်က ရေးသားတင်ပြထားသည်။

ပထမအဆင့် စမ်းသပ်မှုတွင် အဆိုပါကာကွယ်ဆေးသည် စမ်းသပ်မှု၌ပါဝင်သူ ၉၇ ရာခိုင်နှုန်းတွင် သုတေသနပညာရှင်များ မျှော်လင့်ထားသည့် ပိုင်းရပ်ဆန့်ကျင်ရေးခုခံအားစနစ် တုံ့ပြန်မှုမျိုးကိုဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

eOD-GD86 omer ဟူ၍ အမည်ပေးထားသည့် အဆိုပါကာကွယ်ဆေးကို အမေရိကန်နိုင်ငံ စကရစ် ဆေးသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များက စမ်းသပ်နေခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ပထမအဆင့်စမ်းသပ်မှုတွင်ပါဝင်သူများအား eOD-GD86 omer ကာကွယ်ဆေးနှစ်လုံးကို တစ်လုံးနှင့်တစ်လုံး ရက်သတ္တရှစ်ပတ်ခြား၍ ထိုးနှံစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

ထွက်ပေါ်လာသည့်ရလဒ်များအရ ကာကွယ်ဆေးထိုးနှံခဲ့သူ ၃၆ ဦးအနက် ၃၅ ဦးတို့တွင် HIV ပိုင်းရပ် ဆန့်ကျင်ရေးခုခံအားစနစ်တုံ့ပြန်မှု ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များထဲမှ အရေးကြီးသောရလဒ်မှာ ၎င်းကာကွယ်ဆေးသည် ထိုးနှံထားသူများအတွက် ဘေးကင်းလုံခြုံမှုရှိခြင်းဖြစ်ကြောင်း သိရသည်။

KKO



နိုင်ငံတကာ
အားကစားသတင်းများ

# Hero World Challenge ချန်ပီယံဆုကို ဗစ်တာဟိုဗ်လန်း ဆွတ်ခူး

**နာဆော ဒီဇင်ဘာ ၅**

ဘဟားမားစ်နိုင်ငံတွင် ကျင်းပခဲ့သည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဗစ်တာ ဟိုဗ်လန်းက စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း AP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား ရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသား ကင်မရွန်း ယန်းက စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ တတိယနေရာ၌ ရပ်တည်နိုင် ခဲ့သည်။

ဗစ်တာဟိုဗ်လန်းက "စိတ်လှုပ် ရှားစရာကောင်းတဲ့ပြိုင်ပွဲပါ။လက်ရှိ ချန်ပီယံတစ်ဦးအနေနဲ့ယှဉ်ပြိုင်ခွင့် ရတာ ဂုဏ်ယူမိသလို လေးစား အားကျရတဲ့ ကစားသမားတွေနဲ့ ကစားခွင့်ရရှိတာလဲ စိတ်လှုပ်ရှား မိတယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တာလဲ ဂုဏ်ယူပါ တယ်။ ဒါပေမဲ့ပြိုင်ပွဲပြိုင်နေစဉ်မှာ အတက်အကျတွေနဲ့ ကြုံတွေ့ခဲ့ရ ပါတယ်။နောက်ဆုံးနေ့မှာ ရိုက်ချက် တစ်ချက်က ရေထဲကျသွားတော့ စိတ်ပျက်ခဲ့ရတယ်။ပွဲအပေါ် သေချာ အာရုံစိုက်ပြီးတော့ အမှားနည်း အောင်ပြန်ကစားနိုင်ခဲ့လို့ ချန်ပီယံ ဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ဗစ်တာဟိုဗ်လန်းသည် လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ သည့်အတွက် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ချန်ပီယံ ဆုကိုကာကွယ်နိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်း ဝင်ခဲ့သည်။

ရှက်ဖလာက "ဒီပြိုင်ပွဲမှာ ချန်ပီယံဆုအတွက်သေသေချာချာ အာရုံစိုက်ကစားခဲ့တာပါ။ ပြိုင်ပွဲ မစခင်ကတည်းက ဒုတိယနေရာကို လုံးဝမကြိုက်ဘူးလို့ပြောခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်မကြိုက်တဲ့နေရာ ကိုပဲရခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံး ကျင်းထိ ချန်ပီယံဆုအတွက် အကောင်းဆုံးကြိုးစားနိုင်ခဲ့တာကို တော့ဂုဏ်ယူမိပါတယ်"ဟုပြောကြား ခဲ့ကြောင်း သိရသည်။ AZL



# ပြင်သစ်အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဂီရော့ဒ် မှတ်တမ်းဝင်



**ပဲရစ် ဒီဇင်ဘာ ၅**

ပြင်သစ်အသင်း တိုက်စစ်မှူး ဂီရော့ဒ်သည် ပိုလန်အသင်းနှင့် ကစားခဲ့သည့် ကမ္ဘာ့ဖလား(၁၆) သင်းအဆင့်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ၅၁ ဂိုးသွင်း ယူထားသည့် အွန်နရီ၏စံချိန်ကို ကျော်ဖြတ်ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ ကြောင်း 90Min.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

ဂီရော့ဒ်သည် လက်ရှိကမ္ဘာ့ ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်ဖြစ် သည့် ဩစတြေးလျအသင်းနှင့်ပွဲစဉ် တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အွန်နရီ ၏ ၅၁ ဂိုးစံချိန်ကို လိုက်မီခဲ့ကာ ယခုပွဲစဉ်တွင် တစ်ဂိုးထပ်မံသွင်းယူ နိုင်ခဲ့သည့်အတွက် သွင်းဂိုး ၅၂ ဂိုးထိရှိခဲ့ပြီး အွန်နရီ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ပြင်သစ်အသင်း သမိုင်းတစ်လျှောက်တွင် တိုက်စစ်မှူး ဂီရော့ဒ်က သွင်းဂိုး ၅၂ ဂိုးဖြင့် ပထမ၊ အွန်နရီက ၅၁ ဂိုးဖြင့် ဒုတိယ၊ ဂရစ်ဇ်မန်းက ၄၂ ဂိုးဖြင့် တတိယ၊ ပလာတီနီက ၄၁ ဂိုးဖြင့် စတုတ္ထနှင့် ဘင်ဇီးမားက ၃၇ ဂိုးဖြင့် ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိသည်။

ပိုလန်အသင်းနှင့် ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် ဦးဆောင် ဂိုးကို ဂီရော့ဒ်က သွင်းယူပေးခဲ့ပြီး နောက် သွင်းဂိုးနှစ်ဂိုးထပ်မံသွင်းယူ ခဲ့သည့် အမ်ဘက်ပီသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသက် ၂၄ နှစ်မတိုင်မီသွင်းဂိုး ကိုးဂိုးထိသွင်းယူ နိုင်ခဲ့သည့် စံချိန်သစ်ကိုရရှိခဲ့သည့် အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ရှစ်ဂိုးသွင်းယူထားသည့် မာရာဒိုနာနှင့် စီရော်နယ်ဒိုတို့ကို ကျော်ဖြတ်၍ မက်ဆီနှင့် ဂိုးတူညီ နေကာ သွင်းဂိုးအများဆုံးကစား သမားဖြစ်သည့် ကလိုဆေး၏စံချိန် ကို လိုက်မီရန် ခုနစ်ဂိုးသာလိုတော့ ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဖလားရှုံးထွက်အဆင့်တွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခဲ့သည့် ဘယ်လင်ဟမ် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားဖြစ်လာ

**လန်ဒန် ဒီဇင်ဘာ ၅**



အင်္ဂလန်အသင်း ကွင်းလယ် ကစားသမား ဘယ်လင်ဟမ်သည် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ(၁၆)သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့ သည့် အင်္ဂလန်အသင်းနှင့် ဆီနီဂေါ အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစား ခွင့်ရရှိခဲ့ပြီးနောက် အင်္ဂလန်အသင်း သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလား ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ပါဝင် ကစားခဲ့သည့် ဒုတိယမြောက် အသက်အငယ်ဆုံးကစားသမားဖြစ် လာခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပါဝင်ကစား ခဲ့သည့်အချိန်၌ ဘယ်လင်ဟမ်သည် အသက် ၁၉ နှစ်နှင့် ၁၅၈ ရက်သာရှိ သေးပြီး အသင်းသမိုင်းတစ်လျှောက် တွင် မိုက်ကယ်အိုဝင်ပြီးလျှင် ကမ္ဘာ့ ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ပါဝင်ကစားခွင့်ရရှိခဲ့သည့် ဒုတိယ မြောက် အသက်အငယ်ဆုံးကစား သမားဖြစ်လာခဲ့သည်။

အင်္ဂလန်အသင်း သမိုင်း တစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ပါဝင်ကစားခဲ့ သည့် အသက်အငယ်ဆုံးကစား သမားအဖြစ် မိုက်ကယ်အိုဝင်က ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်သည့် အင်္ဂလန်အသင်းနှင့်အာဂျင်တီးနား အသင်းတို့ပွဲစဉ်တွင် အသက် ၁၈ နှစ်နှင့် ၁၉၈ ရက်ဖြင့် စံချိန်တင်ထား ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဆီနီဂေါအသင်းနှင့် ပွဲစဉ်တွင် ခြေစွမ်းပြကစားနိုင်ခဲ့ ကာ ပွဲချိန် ၃၈ မိနစ်တွင် ဟတ်ဒါ ဆန်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ် နိုင်ခဲ့ပြီးနောက် အင်္ဂလန်အသင်း သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့သည့်အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း စံချိန် တင်နိုင်ခဲ့သည်။

ဘယ်လင်ဟမ်သည် လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်း ဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၎င်း ၏ ဈေးကွက်တန်ကြေးမှာလည်း မြင့်တက်လာခဲ့ကာ လက်ရှိတွင် ယူရို သန်း ၂၀၀ ထိသတ်မှတ်ခံထား ရပြီး ယခုပြိုင်ပွဲတွင် တန်ကြေး အမြင့်ဆုံး ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- စတုဂတ်အသင်းအားကစားဒါရိုက်တာက အသင်း၏စာချုပ်သစ်ကိုငြင်းပယ်၍ လာမည့်ဘောလုံးရာသီတွင် လီဗာပူး အသင်း အားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ကွင်းလယ်ကစားသမား စတားလင်းအနေဖြင့် အင်္ဂလန်ရှိ ၎င်း၏နေအိမ်တွင် ဖောက်ထွင်းမှုဖြစ်ပွားခဲ့သောကြောင့် အင်္ဂလန်နိုင်ငံသို့ပြန်ခဲ့ရပြီး ဆီနီဂေါအသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့ရကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ဗာစကိုဒဂါးမားအသင်း လူငယ်ကစားသမား အန်ဒရီဆန်းတိုဗ်ကိုခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML

# အယ်နာဆာအသင်း၏ တစ်နှစ်လုပ်ခ စတာလင်ပေါင် ၈၆ သန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို စီရော်နယ်ဒို လက်ခံခဲ့ဟုဆို

**မန်ချက်စတာ ဒီဇင်ဘာ ၅**

မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီး နောက် ကလပ်အသင်းလက်မဲ့ဖြစ် နေသည့် စီရော်နယ်ဒိုသည် ဆော်ဒီ ထိပ်တန်းကလပ် အယ်နာဆာ အသင်း၏ တစ်နှစ်လုပ်ခစတာလင် ပေါင် ၈၆သန်းဖြင့် နှစ်နှစ်စာချုပ် ချုပ်ဆိုရန်ကမ်းလှမ်းမှုကို လက်ခံ လိုက်ပြီဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇နှစ်ရှိ စီရော်နယ်ဒို သည် လက်ရှိကာတာနိုင်ငံ၌ကျင်းပ နေသည့် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီရက်ပိုင်းအလိုက အင်တာဗျူး အစီအစဉ်တစ်ခု၌ အသင်းပိုင်ရှင်များ နှင့်နည်းပြတို့ကို ဝေဖန်မှုပြုလုပ်ခဲ့ သည့်အပြင် အသင်းအတွင်းရေး သတင်းများကို ထုတ်ဖော်ပြောကြား ခဲ့သည့်အတွက် မန်ယူအသင်းက စာချုပ်ဖျက်သိမ်းခဲ့ပြီး လက်ရှိတွင် ကလပ်အသင်း လက်မဲ့ဖြစ်နေသူ ဖြစ်သည်။

ကလပ်အသင်း လက်မဲ့ဖြစ်နေ သည့် စီရော်နယ်ဒိုကို ဥရောပကလပ် အသင်းအချို့က ခေါ်ယူလိုနေသော် လည်း ၎င်း၏မြင့်မားသည့်လုပ်ခ လစာငွေကြောင့် ခက်ခဲခဲ့ပြီး ယခု အခါ ငွေကြေးသုံးစွဲနိုင်သည့် အယ်နာဆာအသင်းက လက်ဦးမှု ရယူပြီး ခေါ်ယူရန်သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အယ်နာဆာ အသင်းသည် စီရော်နယ်ဒိုကို တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၈၆ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သော်လည်း အခြားပုံရိပ်ခများ၊ ကြော်ငြာခများ နှင့် စပွန်ဆာများအတွက် တစ်နှစ် လျှင် စတာလင်ပေါင် ၁၇၃ သန်းထိ ရရှိဖွယ်ရှိနေသည်။

စီရော်နယ်ဒိုအနေဖြင့် လက်ရှိ တွင် စတာလင်ပေါင် သန်း ၄၀၀ ချမ်းသာကြွယ်ဝနေသူဖြစ်ပြီး အယ် နာဆာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပါက ဘီလျံနာတစ်ဦးဖြစ် လာဖွယ်ရှိနေသည့်အပြင် အားကစား လောကတွင်လည်း လုပ်ခလစာ အမြင့်ဆုံးကစားသမားဖြစ်လာမည် ဖြစ်ကြောင်းသိရသည်။ STA

အားကစားမြင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ဆီနီဂေါအသင်းကို အနိုင်ရရှိခဲ့သည့် အင်္ဂလန်အသင်း ကွာတားအဆင့်တွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့်တွေ့ဆုံ



**လန်ဒန် ဒီဇင်ဘာ ၅**

ကမ္ဘာ့ဖလားပြိုင်ပွဲ(၁၆)သင်းရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် ဆီနီဂေါအသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် လက်ရှိချန်ပီယံပြင်သစ်အသင်းနှင့် တွေ့ဆုံခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ဆီနီဂေါအသင်းက ကွင်းလယ်ကစားသမားကော့တေးနှင့် ဂီရီတို့ပါဝင်နိုင်ခြင်းမရှိသဖြင့် ကစားကွက်ပိုင်းအားနည်းချက်ရှိခဲ့ပြီး အင်္ဂလန်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ကာ အပြန်အလှန်တိုက်စစ်ဆင်မှုများရှိခဲ့သော်လည်း ပထမပိုင်းပြီးဆုံးခါနီး ပွဲချိန် ၃၈ မိနစ်တွင် ဟန်ဒါဆင်က ပထမသွင်းဂိုး၊ နာကျင်အချိန်ပို ၄၅ မိနစ်တွင် ဟယ်ရီကိန်းက ဒုတိယဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဆီနီဂေါအသင်းသည် ဖိအားအောက်ကျရောက်ခဲ့ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အင်္ဂလန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တိုက်စစ်ဆင်မှုများဆက်တိုက်ပြုလုပ်ခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ဆာကာက တတိယဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဆီနီဂေါအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့အတူ အင်္ဂလန်အသင်းသည် အာဖရိကအသင်းများနှင့် ကစားခဲ့သည့် ပြိုင်ပွဲစုံ ၂၀ ပွဲတွင် ရှုံးပွဲမရှိသည့်စံချိန်ကို ပိုင်ဆိုင်ခဲ့သည့်အပြင် ယခုပွဲစဉ်တွင် ပေးဂိုးမရှိခဲ့ခြင်းကြောင့် နှစ်ပေါင်း ၂၀ အတွင်းကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး Clean Sheet ရရှိခဲ့သည်။

အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့် လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့် ဒီဇင်ဘာ ၁၁ ရက်တွင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ ML

# WBA (Regular) ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ဒူဘွိုက်စ် ကာကွယ်နိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၅**

WBA(Regular) ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်နှင့် တောင်အာဖရိက လက်ဝှေ့သမား လီရီနာတို့ ဒီဇင်ဘာ ၄ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ထိုးသတ်ခဲ့ရာ ဒူဘွိုက်စ်က ဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်ဟု EWN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒူဘွိုက်စ်နှင့် လီရီနာတို့၏ စိန်ခေါ်ပွဲသည် အကြိတ်အနယ်ရှိခဲ့ပြီး ဒူဘွိုက်စ်သည် လီရီနာ၏ ထိုးချက်ကြောင့် ပထမအချီတွင် တစ်ကြိမ်၊ ဒုတိယအချီတွင်တစ်ကြိမ် လဲကျခဲ့သော်လည်း တတိယအချီတွင် ဒူဘွိုက်စ်က လီရီနာကို အားပါပြင်းထန်သော ဘယ်ဝိုက်လက်သီးဖြင့်ထိုးသတ်နိုင်ခဲ့ပြီးနောက် လီရီနာ အရှုံးပေးခဲ့ရသည်။

လီရီနာက "ကျွန်တော့်ရဲ့ လက်ဝှေ့သမားဘဝ ဒူဘွိုက်စ်နဲ့ ထိုးသတ်ခဲ့တဲ့သုံးချီက စိတ်လှုပ်ရှားစရာအကောင်းဆုံးပါပဲ။ အပြန်အလှန်ထိုးသတ်နိုင်ခဲ့ပြီး ကြမ်းတမ်းတဲ့အချိန်တွေပါ။ ဒူဘွိုက်စ်ကို နှစ်ကြိမ်လဲကျအောင် ထိုးသတ်နိုင်ခဲ့ပါတယ်။ တတိယအချီမှာလဲ အကောင်းဆုံးထိုးသတ်နိုင်ဖို့ကြိုးစားခဲ့ပေမဲ့ ကျွန်တော်တစ်ကြိမ်လဲကျခဲ့ပါတယ်။ ဆက်လက်ထိုးသတ်ဖို့ဆန္ဒရှိခဲ့ပေမဲ့ ဒီပွဲကကျွန်တော့်ပွဲမဟုတ်ခဲ့ပါဘူး။ အကောင်းဆုံးနဲ့အသန်မာဆုံးဖြစ်အောင် ကြိုးစားပြီးကြိုးဝိုင်းထဲ ပြန်ဝင်လာခဲ့ပါမယ်"ဟု ပြောကြားခဲ့သည်။

WBA အဖွဲ့ချုပ်၏ လက်ဝှေ့စည်းမျဉ်းစည်းကမ်းအရ သုံးကြိမ်မြောက် လဲကျခဲ့ပါက အလိုအလျောက် အရှုံးပေးရမည်ဖြစ်ပြီး ဒူဘွိုက်စ်သည် နှစ်ကြိမ်လဲကျခဲ့သည့်အတွက် အရှုံးပေးရမည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း တတိယအချီတွင် ဒူဘွိုက်စ်ကသတိထားကာ လီရီနာ၏ ထိုးချက်များကို အကောင်းဆုံးကာကွယ်နိုင်ခဲ့ကာ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ AZL

# ပီအက်စ်ဗွီအသင်းက ဂက်စ်ပိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၅၀ သတ်မှတ်

**မန်ချက်စတာ ဒီဇင်ဘာ ၅**

ပီအက်စ်ဗွီအသင်းက ဂက်စ်ပိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၅၀ သတ်မှတ်ခဲ့သည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဂက်စ်ပိုသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်နီးစပ်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင်လည်း မန်ယူအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထပ်မံထွက်ပေါ်နေခြင်းဖြစ်သည်။

ဂက်စ်ပိုသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဗွီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ကိုးဂိုးသွင်းယူကာ ၁၂ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားသကဲ့သို့ လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း နှစ်ဂိုးသွင်းယူထားပြီး ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် မန်ယူအသင်းအပြင် အခြား ထိပ်တန်းအသင်းကြီးများကပါ ခေါ်ယူရန်စောင့်ကြည့်ခံနေရသူဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိတွင် ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုနှင့် လမ်းခွဲခဲ့ပြီးနောက် တိုက်စစ်ပိုင်းအတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန် ပစ်မှတ်ထားနေပြီး လက်ရှိတွင် ဂက်စ်ပိုကို ဦးစားပေးပစ်မှတ်အဖြစ် စောင့်ကြည့်နေခြင်းဖြစ်သည်။

ဂက်စ်ပို ကိုယ်တိုင်ကလည်း အစောပိုင်းကတည်းက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုသည်ဟု ပြောကြားထားသည့်အတွက် မန်ယူအသင်းအနေဖြင့် အခြားအသင်းများထက်ခေါ်ယူရန် အခွင့်အရေးများရှိနေပြီး မန်ယူအသင်းက အပြောင်းအရွှေ့ကာလမတိုင်မီခေါ်ယူရန် ပြင်ဆင်လျက်ရှိနေသည်။

ပီအက်စ်ဗွီအသင်းက ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဂက်စ်ပိုကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ သာ သတ်မှတ်ထားသော်လည်း လက်ရှိ ဂက်စ်ပိုပြသနေသည့်ခြေစွမ်းများကြောင့် ထိပ်တန်းအသင်းကြီးများက စောင့်ကြည့်နေသည့်အတွက် စတာလင်ပေါင် သန်း ၅၀သတ်မှတ်ထားကြောင်း သိရသည်။ STA



# မန်ယူအသင်းက ခြေစမ်းပွဲခရီးစဉ်တွင် ဆန်ချိုကို ချန်လှပ်ခဲ့ကြောင်းထုတ်ပြန်

**မန်ချက်စတာ ဒီဇင်ဘာ ၅**

မန်ယူအသင်းသည် စပိန်နိုင်ငံတွင်ပြုလုပ်မည့် လေ့ကျင့်ရေးအစီအစဉ်နှင့် ခြေစမ်းပွဲကစားမည့်အသင်းလူစာရင်း၌ ကွင်းလယ်ကစားသမား ဆန်ချိုကို ချန်လှပ်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်ချိုသည် ယခုနှစ်ဘောလုံးရာသီ၌ ပုံစံကောင်းရရှိရန်ရုန်းကန်နေရပြီး ပြီးခဲ့သည့် အောက်တိုဘာလက ချဲလ်ဆီးအသင်းနှင့်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် ပွဲကစားခွင့်ပျောက်ဆုံးခဲ့သကဲ့သို့ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီကစားခဲ့သည့် ပွဲစဉ်လေးပွဲတွင်လည်း အဖျားရောဂါကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းလူစာရင်းမှချန်လှပ်ခံခဲ့ရသည်။

မန်ယူအသင်းနည်းပြတန်ဟတ်က "အသင်းအနေနဲ့ ကမ္ဘာ့ဖလားကာလမှာ စပိန်နိုင်ငံမှာလေ့ကျင့်ရေးအစီအစဉ်ပြုလုပ်ပြီး ကာဒီဇက်၊ ဘက်တစ်အသင်းတို့နဲ့ ခြေစမ်းပွဲကစားမှာပါ။ အဲဒီအစီအစဉ်မှာတော့ ဆန်ချိုကိုသူ့ရဲ့ပုံစံကောင်းပြန်လည်ရရှိဖို့ တစ်ဦးချင်းလေ့ကျင့်ရေးကိုသာ အားစိုက်လုပ်ဖို့ချန်လှပ်ခဲ့တာပါ။ ကျန်တဲ့စီနီယာကစားသမားတွေကိုတော့ အသင်းနဲ့အတူခေါ်ဆောင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ဆန်ချိုကိုပုံစံကောင်းများပြန်လည်ရရှိရန် တစ်ဦးချင်းလေ့ကျင့်ရေးအစီအစဉ်များပြုလုပ်နေသဖြင့် စပိန်နိုင်ငံတွင် ပြုလုပ်မည့် လေ့ကျင့်ရေးအစီအစဉ်၌ နည်းပြတန်ဟတ်က ချန်လှပ်ခဲ့ပြီး ဂိုးသမား ဒီဂီယာ၊ လင်ဒီလော့၊ ဝမ်ဘစ်ဆာကာ၊ ဘန်ဒီဘိခ်၊ တွန်မီနေးနှင့် မာရှယ်တို့ကိုသာ လူငယ်ကစားသမားနှင့်အတူ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။ ML

# ATP Tour က ၂၀၂၂ ခုနှစ်တင်းနစ်ရာသီအတွက် အမျိုးအစားအလိုက် တစ်နှစ်တာအကောင်းဆုံးဆန်ခါတင်စာရင်းကို ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အခြေစိုက် ATP Tour အဖွဲ့ချုပ်က ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွက် အမျိုးအစားအလိုက် တစ်နှစ်တာ အကောင်းဆုံး ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


နစ်ခ်ကိုင်ဂျီအိုစ်သည် ယခုနှစ်တင်းနစ်ရာသီတွင်စွမ်းဆောင်ရည်ကောင်းမွန်ခဲ့သကဲ့သို့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင်လည်း ဒုတိယဆုကိုဆွတ်ခူးခဲ့သော်လည်း ၎င်းအနေဖြင့် ဆန်ခါတင်စာရင်းတွင် ပါဝင်လာခြင်းမရှိခဲ့ဘဲ ဆန်ခါတင်ပါဝင်လာသည့် ကစားသမားတချို့မှာ လုံလောက်သည့်စွမ်းဆောင်ရည်ပြသနိုင်ခဲ့ခြင်းမရှိဘဲ ATP Tour အဖွဲ့ချုပ်က ဆန်ခါတင်စာရင်းတွင် ထည့်သွင်းခဲ့ခြင်းအပေါ် ၎င်းက ပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့သည်။

ATP Tour တွင်တာစာမျက်နှာမှတစ်ဆင့်ထုတ်ပြန်ခဲ့သည့်ဆန်ခါတင်စာရင်း ကြေညာချက်အောက်တွင် နစ်ခ်ကိုင်ဂျီအိုစ်က ယခုနှစ်တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ၎င်းကရသင့်သည်ဟု လှောင်ပြောင်ရေးသားခဲ့သည်။

ATP Tour က ထုတ်ပြန်ခဲ့သည့် အမျိုးအစားအလိုက် တစ်နှစ်တာ အကောင်းဆုံး ဆန်ခါတင်စာရင်းအရ တစ်နှစ်တာအကောင်းဆုံး တစ်ကျော့ပြန် ကစားသမားဆု ဆန်ခါတင်စာရင်း၌ ဘိုနာကိုရစ်၊ ဒိုမီနစ်သမ်၊ ဝေါရင်ခါ၊ ဝူယီဘင်၊ အတိုးတက်ဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် အယ်ကာရက်ဇ်၊ ခရက်စီ၊ ဂျက်ဒရက်ပါ၊ ဟိုလ်ဂါရှုနီတို့ပါဝင်ခဲ့သည်။

ထို့ပြင် အားကစားစိတ်ဓာတ်အပြည့်ဝဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် အယ်ကာရက်ဇ်၊ ရာဖေးလ်နာဒယ်၊ ဖီလစ်အူကာ၊ ကပ်စပါရှဒ်နှင့် တီယာဖိုး၊တစ်နှစ်တာအကောင်းဆုံးနည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် ကားလို့စ်ဖာရီရိုဖွန်တန်၊ အီဗန်နီစီဗစ်၊ ရက်ဆဲလ်၊ ခရစ္စတီယန်ရှဒ်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ AZL

# အသည်းကွဲပီယဆေး ရုပ်သံဇာတ်လမ်းတွဲ မဟာအပလီကေးရှင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၅**

အသည်းကွဲပီယဆေးအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို မဟာ အပလီကေးရှင်းမှ ဒီဇင်ဘာလ တတိယပတ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် အောင်မင်းခန့်က ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ သားကြီးက ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းတွဲကတော့ ဒီဇင်ဘာလထဲမှာ မဟာအပလီကေးရှင်းကနေ ထုတ်လွှင့်တော့မှာပါ။ ဇာတ်လမ်းအကြောင်းအရာကတော့ မြင်အပ်၊ မမြင်အပ်သူတွေရဲ့အကူအညီနဲ့ သန်းခေါင်ယံအချိန်မှာ စီမံဖော်စပ်မဲ့ပီယဆေးအတွက် လူခြေတိတ်ချိန်မှာ လူသေအလောင်းကို သနပ်ခါးလိမ်းပေးပြီး ပီယဆေးဖော်ဖို့ ကြိုးစားနေရင်းက ပရလောကစည်းပေါက်သွားတဲ့အခါ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲတွေကို ကြည့်ရမှာပါ”ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

အသည်းကွဲပီယဆေး မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မင်းခန့်၊ တေဇလင်းရောင်၊ ထွန်းပုလဲရတနာ၊ ကေကေဖြိုးနှင့် ဂျီးဂျီးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Black Panther: Wakanda Forever ပြည်တွင်းဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ဆက်လက်ရပ်တည်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၅**

မာဗယ်စတူဒီယို၏ Black Panther: Wakanda Forever ဇာတ်ကားသည် ရုံတင်ပြီး စတုတ္ထ သီတင်းပတ်ကုန်တွင် ပြည်တွင်းဝင်ငွေ အကောင်းဆုံးဇာတ်ကားအဖြစ် ဆက်လက်ရပ်တည်ဖွယ်ရှိကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Black Panther: Wakanda Forever ဇာတ်ကား ဒီဇင်ဘာ ၃ ရက်ထိရရှိထားသော ပြည်တွင်းဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၃၉၀ ခန့် ရှိလာပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေအရ Black Panther: Wakanda Forever ဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် Avatar: The Way of Water ဇာတ်ကားရုံမတင်မီ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကိုကျော်လွန်သွားနိုင်ကြောင်း ရုပ်ရှင်စျေးကွက်ကျွမ်းကျင်သူများက ပြောကြားသည်။

Black Panther: Wakanda Forever ဇာတ်ကားသည် မာဗယ်စတူဒီယို၏ အအောင်မြင်ဆုံး စူပါဟီးရိုးဇာတ်ကားများထဲ၌ ပါဝင်သော Black Panther(2018) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO




# ပြင်ဦးလွင်ပန်းပွဲတော်တွင် တေးဂီတဖျော်ဖြေပွဲ ထည့်သွင်းကျင်းပမည်ဖြစ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ပြင်ဦးလွင်ပန်းပွဲတော်တွင် တေးဂီတဖျော်ဖြေပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် နှစ်စဉ် ပြုလုပ်လျက်ရှိသော ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပန်းပွဲတော်နှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်များကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

“ဖွင့်ပွဲကတော့ ဒီဇင်ဘာ ၁၅ ရက်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၇ ရက်ကနေစပြီးတော့ နေ့စဉ် Music Concert တေးဂီတဖျော်ဖြေမှုတွေရှိပါမယ်။ ဒီဇင်ဘာ ၁၈ ရက်မှာဆိုရင် နိုင်ငံကျော်အဆိုတော်တွေရဲ့ တေးသီချင်းတွေကို နားဆင်ရမှာဖြစ်ပါတယ်။ နောက် ဒီဇင်ဘာ ၂၄ ရက်၊ ၂၅ ရက်ဆိုရင်လဲ ခရစ္စမတ်အစီအစဉ်တွေရှိပါမယ်။ ဒီဇင်ဘာ ၃၁ ရက်ညဆိုရင်တော့ နှစ်သစ်ကူးအကြိုညအစီအစဉ်ရှိပါမယ်။ ဇန်နဝါရီ ၄ ရက်မှာလဲ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအစီအစဉ်တွေ ထည့်သွင်းထားပါတယ်။ ဈေးပွဲတော်မှာဆိုရင်လဲ ဒီဇင်ဘာ ၁၅ ရက်ကနေ ဇန်နဝါရီ ၁၅ ရက် ထိ ပန်းပွဲတော်ကာလရက်တွေအတိုင်း ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး Bazaar Booth (ဆိုင်ခန်း ၅၀)၊ Exhibition Booth (ပြခန်း ၂၀) ပါဝင်မှာဖြစ်ပါတယ်။ ကလေးကစားကွင်းလဲ ထည့်သွင်းထားပါသေးတယ်” ဟု အမျိုးသားကန်တော်ကြီးဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။




ယခုနှစ် ပြုလုပ်မည့် အမျိုးသားကန်တော်ကြီးဥယျာဉ်ပန်းပွဲတော်တွင် ဒေသထွက်ကုန်များ၊ ဆွယ်တာအထည်များ၊ လက်မှုပစ္စည်းများ၊ အမှတ်တရပစ္စည်းများ ပါဝင်ရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများကို အရောင်းပြခန်းကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းစီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Rebel Moon ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးပြီဖြစ်

**နယူးယောက် ဒီဇင်ဘာ ၅**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Rebel Moon အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Rebel Moon ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို ဒါရိုက်တာ ဇက်ရှ်နိုက်ဒါကိုယ်တိုင် လူမှုမီဒီယာစာမျက်နှာ၌ ဒီဇင်ဘာ ၃ ရက်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

Rebel Moon ဇာတ်ကားသည် အာဏာရှင်တစ်ဦး၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသော ငြိမ်းချမ်းသည့် အာကာသနယ်မြေတစ်ခုကို ကာကွယ်ရေးအတွက် အမျိုးသမီးငယ်တစ်ဦးက စစ်သည်တော်များ ရှာဖွေစုဆောင်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသောဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဆိုဖီယာဘူတယ်လာ၊ ဂျီနာမာလုန်နှင့် မင်းသား ချာလီဟန်နမ်တို့က အဓိကနေရာများ၌ ပါဝင်သရုပ်ဆောင်ထားသည်။

ဒါရိုက်တာ ဇက်ရှ်နိုက်ဒါသည် Rebel Moon ဇာတ်ကားကို ယခုနှစ် ဧပြီလတွင် စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# သရုပ်ဆောင် သုတအောင်၏ မချစ်ချင်နဲ့သီချင်း MV ထွက်ရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

သရုပ်ဆောင် သုတအောင်၏ မချစ်ချင်နဲ့အမည်ရှိ တေးသီချင်း Music Video(MV) ရိုက်ကူးပြီးစီးပြီဖြစ်၍ ဒီဇင်ဘာလအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။



မချစ်ချင်နဲ့သီချင်း Music Video(MV)အတွက် တေးသီချင်းကို သရုပ်ဆောင် အဆိုတော်ဟန်ထူးချာန်က ရေးသားပေးထားခြင်းဖြစ်ကြောင်း၊ အဆိုပါတေးသီချင်း Music Video(MV) တွင် သရုပ်ဆောင် သုတအောင်က ကိုယ်တိုင်သီဆို သရုပ်ဆောင်ထားပြီး သရုပ်ဆောင် အဆိုတော် ဟန်ထူးချာန်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

“ဆိုတတ်လို့တော့ မဟုတ်ပါဘူး။ ဝါသနာပါသလို အနုပညာနဲ့ပတ်သက်ရင် အားလုံးကို လုပ်ကြည့်ချင်တဲ့စိတ်နဲ့ လုပ်ကြည့်လိုက်တာပါ။ အမှားအယွင်းတွေရှိရင်လဲ ခွင့်လွှတ်ပေးပါလို့ တောင်းဆိုပါရစေ။ ဒီတေးသီချင်း Music Video (MV) လုပ်ဖြစ်အောင် ဟန်ထူးချာန်က တိုက်တွန်းသလို အားပေးကူညီမှုတွေ လုပ်ပေးခဲ့တာကြောင့် လုပ်ဖြစ်ခဲ့တာပါ။ သီချင်းအကြောင်းအရာကတော့ ဝိပါကဇာတ်လမ်းတွဲထဲက ဇာတ်ကွက်တချို့ကို ယူထားတာပါ။ မိခိုင်နဲ့ တေဇာပေါ့။ ဆိုးမိုက်တဲ့လူတစ်ယောက်ကိုမချစ်ဖို့ မိန်းကလေးတစ်ယောက်ကို တောင်းဆိုထားတဲ့အကြောင်းအရာလေးပါ”ဟု သရုပ်ဆောင် သုတအောင်က ပြောပြသည်။

သရုပ်ဆောင် သုတအောင်သည် လက်ရှိတွင် ကြော်ငြာနှင့် ဇာတ်လမ်းတိုများ ရိုက်ကူးလျက်ရှိပြီး ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူးရန်လည်း ရှိကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing receives Mr. Maxim Reshetnikov, Minister of Economic Development of the Russian Federation



Senior General Min Aung Hlaing receives Minister of Economic Development of the Russian Federation H.E. Mr. Maxim Reshetnikov.

**Nay Pyi Taw December 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Minister of Economic Development of the Russian Federation H.E. Mr. Maxim Reshetnikov at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw this morning.

Also present at the meeting together with the Senior General were Union Ministers Dr Kan Zaw and U Ko Ko Hlaing, and officials. The Russian Minister of Economic Development was accompanied by Russian Ambassador to Myanmar Mr Nikolay Listopadov, the Deputy Minister of Economic Development of Russia and officials.

They cordially exchanged views on Myanmar-Russia economic measures, technological cooperation, arrangements of direct flight between the two countries for development of the tourism industry, other requirements, formation of the Myanmar-Russian Friendship and Cooperation Association in all parts of the nation, investments from Russia in tourism development of Myanmar, plans to manage technological cooperation in improvement of iron and steel manufacturing industries in Myanmar, energy measures, pharmaceutical manufacturing and treatment services, cooperation in mineral production, cooperation in technologies for development of agriculture and livestock sectors, plans to cooperate in operating industries, and bilateral cooperation in other sectors between the two countries.

After the meeting, the Senior General and the Russian Minister of Economic Development exchanged the commemorative gifts and posed for documentary photos. 100



Senior General Min Aung Hlaing shakes hands with Minister of Economic Development of the Russian Federation Mr. Maxim Reshetnikov.

# Colombia mudslide: Search for buried bus passengers



Rescuers are proceeding carefully to avoid the bus tumbling down the hillside.

**Bogotá December 5**

A landslide on a road in the province of Risaralda in western Colombia has killed at least three people and buried dozens more.

A bus full of passengers was among several vehicles buried under mud and rocks, which tumbled down a hillside following heavy rains.

One of the passengers helped his wife and two children escape from the bus before he was buried and died.

Rescuers are using heavy machinery to try to dislodge the mud.

The landslide happened in the early hours of Sunday morning local time on the road leading to the northern province of Chocó.

Witnesses said an intercity bus, a jeep, and a motorbike had stopped on the road because of a car accident further ahead when part of the hillside collapsed on top of them.

The bus is thought to have had two drivers and 25 passengers on board.

Colombian President Gustavo Petro wrote on Twitter that nine people had been rescued and more than 20 were still missing.

So far, three people have been confirmed dead in the landslide, among them a young girl who is thought to have been riding on the motorbike with another person.

One of those who died inside the bus was identified as Guillermo Ibargüen.

His son Andrés told Caracol News that "Dad helped me get out of the bus through a little hole".

"I had to throw myself down the ravine. When I jumped, the mud had covered everything," he said.

Ibargüen also helped his wife and his daughter escape the bus in time.

By Sunday evening local time, rescuers had uncovered one side of the bus, but the remainder of the vehicle remained buried. BBC

# China Covid: Xi's face-saving exit from his signature policy

**Beijing December 5**

If you want to know what the government's Covid plan is in China, look at what it does rather than what it says.

Take Beijing for example.

There has not been a significant drop in infections, yet public transport now no longer requires a PCR test result, bars and restaurants are slowly reopening, and in some cases people are being allowed to isolate at home after catching Covid instead of going into centralised quarantine facilities.

So when you examine what is happening here right now, the trajectory seems clear - the government appears to have quietly dumped zero Covid as a goal.

This does not mean that all Covid-related restrictions have ended. It also does not mean some restrictions won't be around in, say, half a year.

But the stated goal of reducing each outbreak to zero new infections... gone.

The new plan appears to be to slow the spread of the virus, hopefully enabling the health system to cope, rather than trying crush the disease.

This may involve monitoring the virus as it spreads in an attempt to manage the flow of infections, serious illness and deaths.

At times it may also mean the reimposition of certain measures, but cities will not have to record zero cases to remain open.

Beijing is not alone in removing some measures - and they vary widely by region. BBC

# Taungdwingyi-Bagan train links with Pyinmana-Taungdwingyi train as of 1 December



A highway train seen at a railway station.

**Pyinmana December 5**

Myanma Railways stated that a connection was arranged between the trains running along Taungdwingyi-Bagan route and Pyinmana-Taungdwingyi route as of 1 December for convenient travelling of passengers.

As such, 107-up train running along Taungdwingyi-Bagan railroad leaves Taungdwingyi station at 1 pm and 108-down train, Bagan station at 6 am, said Bagan railway station superintendent U Myint Thein.

"All trains leading to Bagan which were halted in the outbreak of Covid-19 resumed operations. Trains on Bagan-Mandalay railroad and Taungdwingyi-Bagan railroad resumed running. In this regard, both trains are linked for rail transportation related to arrivals and departures," said the superintendent.

Ticket is set at K4,700 per passenger along Taungdwingyi-Bagan railroad and trains stop over at 17 railway stations.

The train running Yangon-Bagan railroad reaches Pyay station whereas two trains are operated along Mandalay-Bagan railroad.

ASH

# More Chinese and Korean visitors come to Taungthaman bridge and lake

**Mandalay December 5**

Most Chinese and Korean tourists are visiting the Taungthaman bridge and lake in Mandalay Region as over 50 boats operate for their views of the sunset, according to the Taungthaman bridge maintenance committee.

With the peak season, the region's famous bridge and lake see increasing visits of both local and foreign travellers, most of them from China and South Korea, said U Soe Win, secretary of the team.

"Since the start of December, foreigner visitors have been entering the region. Around 100 Chinese and Koreans come here every day. After the rainy season, more visitors come here," he said.

In the last week of November, the bridge and lake were visited by just over 150 local and foreign travellers every day. Since 1 December, the number has increased to over 300 daily. Thus, more than 50 boats are operating for the visitors to view the sunset.

ASH

# Export of pulses and beans earn more than US$790 million from 1 April to 18 November

**Yangon December 5**

Export of pulses and beans secured more than US$790 million from 1 April to 18 November 2022 of the 2022-23 fiscal year, said U Win Lwin, director of Trade Policy Branch of the Trade Department under the Ministry of Commerce.

During the period, export of beans earned US$689 million in shipping and US$101 million in land borders, amounting to US$790 million.

"With regard to exportation of pulses and beans in 2022-23 fiscal year, it prioritized export of black bean, pigeon pea and green gram. Of them, export of mung bean earned US$320 million," said U Win Lwin.

Some 20 per cent of farmlands are under pulses and beans plantations across the nation. Some 72 per cent of it are under mung bean, green gram and pigeon pea in addition to other beans such as kidney bean, chickpea, cowpea, butter bean and others.

Being an agro-based country, the majority of export items from Myanmar are agricultural produce, most of which are beans and pulses as main item. ASH


A bean plantation.

# Magway Region plans to grow 20,000 acres of Arabica Coffee within five years

**Magway December 5**

The Magway Region arranges cultivation of Arabica Coffee plantations on 20,000 acres of land within five years, according to the Agriculture Department on 3 December 2022.

Policies were adopted for cultivation and production of Arabica Coffee in regions and states for emergence of high quality export items.

Relevant ministries and region and state authorities participate in the coffee central committee along the production chains.

Magway Region will launch its project of growing Arabica Coffee in 2023-24 fiscal year. As such, 4,000 acres of plants will be grown in vacant and virgin lands in the region in addition to forest reserves in 2023-24 FY.

Hence, Magway Region Agriculture Department invites businesspersons and companies allowed to grow coffee plants in virgin and vacant lands and forest reserves.

Currently, some 40,000 acres of Arabica Coffee and 10,000 acres of lowland coffee, totalling 50,000 acres are grown in the nation. Mostly, Arabica Coffee is placed on southern and northern Shan states, Chin State, Kayah State, PyinOoLwin and Magway region as well as lowland coffee in Bago, Ayeyawady and Tanintharyi regions and Kayin State. 336


An Arabica Coffee plantation with thriving coffee trees.

# Those who passed basic education at high, middle and primary levels may attend Saungdah weaving and vocational education institute

**Amarapura December 5**

Saungdah weaving and vocational education institute in Amarapura of Mandalay Region stated that it will admit those who passed basic education at high, middle and primary levels.

The institute will reopen on 1 January 2023 for regular vocational education courses. These courses will be one-year diploma course for textile, six-month silkware course, three-month embroidery course and six-month traditional weaving course.

The diploma course will admit 30 trainees, one-year textile technician course 25 trainees, the six-month silkware course five trainees, the three-month embroidery course five trainees and the six-month traditional weaving 10 trainees.

The trainees for diploma course must have to pass the basic education high school examination, and they must be between aged 16 and 25.

One-year technician course will admit the persons who have passed the middle school education and they must be between the aged 16-25.

The six-month silkware course, three-month embroidery and six-month traditional weaving will admit the persons who must pass the primary education and must be between the aged 16 and 25. These courses will prioritize female trainees.

Trainees will be allowed for hostels free of charge, and K30,000 per month as stipend will be issued to them.

Those wishing to attend the courses may contact the institute dialing 02-4059964, 02-4070428, 09-428320235, 09-402573918 and 09-420712831 for training affairs and mmsaunder@gmail.com for enrollment.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက Tornado-S MLRS နှင့် 2S7M Malka ဟောင်ဝစ်ဇာများ ယူကရိန်းတွင် တိုးမြှင့်တပ်ဖြန့်ချထား



ရုရှားသည် Tornado-S MLRS နှင့် 2S7M Malka ဟောင်ဝစ်ဇာများ၏ နောက်ဆုံးမျိုးဆက်ကို ယူကရိန်းတွင် တပ်ဖြန့်ချထားမှုတိုးမြှင့်လုပ်ဆောင်ထားကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး ကြည်းတပ်ဗိုလ်ချုပ်ကြီး Sergey Shoigu က ဒီဇင်ဘာ ၁ ရက်တွင် ကြေညာခဲ့သည်။ Tornado-S သည် အကွာအဝေးအများဆုံးကီလိုမီတာ ၁၂၀ ထိ ပဲ့ထိန်းဒုံးကျည်များကိုပစ်ခတ်နိုင်ပြီး 2S7 M Malka သည် ကမ္ဘာပေါ်တွင် အစွမ်းထက်ဆုံး Self-Propelled Artillery Gun အမြောက်စနစ်အဖြစ်သတ်မှတ်ခံထားရသည်။ အမြောက်စနစ်နှစ်ခုစလုံးကို ယူကရိန်းရှိ လက်နက်ကိုင်တပ်ဖွဲ့များကို တန်ပြန်တိုက်ခိုက်ရန် Counter-Battery Warfare စစ်ဆင်ရေးများအတွက် အသုံးပြုမည်ဖြစ်သည်။

မကြာသေးမီက ယူကရိန်းစစ်ဘက်၏ အောင်ပွဲများနှင့် ဂျာမနီထုတ် PzH 2000၊ ပြင်သစ်ထုတ် CAESAR နှင့် ပိုလန်ထုတ် Krab ကဲ့သို့သော မဟာမိတ်နိုင်ငံများက ပံ့ပိုးသော Self-Propelled Howitzers ဟောင်ဝစ်ဇာများနှင့် အမေရိကန်နိုင်ငံမှ M142 HIMARS ဒုံးပစ်လောင်ချာယာဉ်များပေးပို့ခြင်းအပါအဝင် ယူကရိန်းစစ်ဘက်မှ ခေတ်မီအမြောက်စနစ်များ အသုံးပြုခဲ့ခြင်းကြောင့် ရုရှားစစ်ဘက်သည် ၎င်းတို့၏ နောက်ဆုံးပေါ် အမြောက်စနစ်များဖြစ်သည့် Tornado-S MLRQ နှင့် 2S7M Malka 203mm Self-Propelled ဟောင်ဝစ်ဇာအမြောက်စနစ်များကို ယူကရိန်းတို့၏ အမြောက်ပစ်ခတ်တိုက်ခိုက်လာမှုများအား တန်ပြန်ချေမှုန်း၊ လုပ်ဆောင်ရန်အသုံးပြုရမည်ဖြစ်သည်။

2S7M ကို Malka ဟုလည်းအမည်ပြောင်ခေါ်ဝေါ်ကြပြီး ရုရှားထုတ် 2S7 Pion ၏ အဆင့်မြှင့်တင်ထားသောဗားရှင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် စွမ်းဆောင်ရည်အမြင့်မားဆုံး Self-Propelled ဟောင်ဝစ်ဇာအဖြစ်သတ်မှတ်ခံထားရသည်။ အဆိုပါဟောင်ဝစ်ဇာအမြောက်သည် 2A44 203mm အမြောက်ဖြင့် ချိန်းတပ်အောက်ခံကိုယ်ထည်ပေါ်တွင် အခြေခံတည်ဆောက်ထားသည်။ 2S7M Malka သည် ရန်သူ၏မဟာဗျူဟာမြောက်ပစ်မှတ်များကို နည်းဗျူဟာကျကျကာကွယ်ရေးတွင် တန်ပြန်တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ တစ်မိနစ်လျှင် အကွာအဝေး ကီလိုမီတာ ၅၀ ခန့်ထိ ရောက်ရှိနိုင်သည်။ 2S7M Malka ဟောင်ဝစ်ဇာသည် စံပြုအမြောက်ကျည်ဆန်များအပြင် နျူကလီယားစွမ်းဆောင်ရည်ပါ အမြောက်ကျည်များကိုပစ်ခတ်နိုင်စွမ်းရှိသည်။ 203mm RD5-1 နျူကလီးယားအမြောက်ကျည်သည် TNT တန်ချိန် ၂၀၀၀ စွမ်းရည်ရှိသည်။

ရုရှားနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် Malka စနစ်အတွက် တိကျသောပဲ့ထိန်းအမြောက်ကျည်များကိုလည်း ထုတ်လုပ်အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ တိကျမှုမြင့်မားသောအမြောက်ကျည်အသစ်များသည် ရေဒီယို-ပဲ့ထိန်းနှင့်ဂြိုဟ်တုလမ်းညွှန်စနစ်များကိုအသုံးပြု၍ ပစ်ခတ်ရာတွင် တိကျမှုကိုမြှင့်တင်ရန် အမျိုးမျိုးသော နည်းပညာများကိုအခြေခံထားသည်။ ၎င်း၏အမြောက်ပစ်ခတ်မှု၏ တိကျမှုကို တိုးမြှင့်ရန်အတွက် ရုရှားစစ်ဘက်သည် ကင်းထောက်မစ်ရှင်များ လုပ်ဆောင်ရန်နှင့် ပစ်မှတ်များအကြောင်း အချိန်နှင့်တစ်ပြေးညီပုံများနှင့် အချက်အလက်များကို ပေးပို့ရန်အတွက် ယခုအခါ Orlan-10 ဒရုန်းများကို အသုံးပြုနေပြီဖြစ်သည်။

Tornado-S သည် အမေရိကန် M142 HIMARS ကဲ့သို့ ရုရှားနိုင်ငံ၏ နောက်ဆုံးပေါ် 300mm MLRS (Multiple Launch Rocket System) မျိုးဆက်သစ် အမြောက်လက်နက်စနစ်ဖြစ်သည်။ ၎င်းသည် ပဲ့ထိန်းဒုံးကျည်များကို ပစ်ခတ်နိုင်သော်လည်း အများဆုံးအကွာအဝေး ကီလိုမီတာ ၁၂၀ ထိသာ ပစ်ခတ်နိုင်ပြီး HIMARS သည် အကွာအဝေး ကီလိုမီတာ ၇၀ ထိ ဒုံးကျည်များကို ပစ်ခတ်နိုင်စွမ်းရှိသည်။

Tornado-S ဟောင်ဝစ်ဇာအမြောက်စနစ်သည် 9M544 နှင့် 9M549 ပဲ့ထိန်းဒုံးကျည်များနှင့် 9M555K၊ 9M55K1၊ 9M55F၊ 9M55S၊ 9M55K6၊ 9M525၊ 9M528၊ 9M529၊ 39M နှင့်Unguided Rockets အပါအဝင် Guided နှင့် Unguided Rockets ပဲ့ထိန်းနှင့် ပဲ့ထိန်းမဲ့ ဒုံးကျည်များကို ထည့်သွင်းပစ်ခတ်နိုင်ပါသည်။

9M544 ခဲယမ်း၊ ကျည်သည် Glonass ဂြိုဟ်တုလမ်းကြောင်းပြခြင်း၊ တည်နေရာပြကိရိယာတို့နှင့်ပေါင်းစပ်ထားသော SN398 Strap-Downinertial Navigation System စနစ်ကိုအသုံးပြုထားသည့် 300mm ပဲ့ထိန်း (ROCKET) ဒုံးကျည်အမျိုးအစားဖြစ်သည်။ ဒုံးကျည်သည်ပဲ့ထိန်းမဲ့ဒုံးကျည်များနှင့်နှိုင်းယှဉ်ပါက ပစ်ခတ်မှုတိကျခြင်းတွင် နှစ်ဆတိုးမြှင့်ထားပြီး တိကျမှုမရှိသောဒုံးကျည်များနှင့်နှိုင်းယှဉ်ပါက အချက် သုံးချက်ဖြင့် ပစ်ခတ်မှုတိကျမှုကိုတိုးမြှင့်ပေးသည်။ တိကျမှုမရှိခြင်းတွင် သုံးဆလျော့နည်းသွားသည်။ ဒုံးကျည်တွင် ပြင်းထန်စွာပေါက်ကွဲစေတတ်သော Fragmentation Warhead ထိပ်ဖူးတပ်ဆင်အသုံးပြုထားပြီး တပ်ဖွဲ့ဝင်များ၊ ရှေ့တန်းစစ်မျက်နှာရှိ သံချပ်ကာနှင့် အကာအကွယ်မဲ့ပစ်မှတ်များ၊ အမြောက်တပ်ခွဲများ၊ ကွပ်ကဲရေးစခန်းများနှင့် ခဲယမ်းမီးကျောက်သိုလှောင်ရုံများကိုချေမှုန်းဖျက်ဆီးနိုင်သည်။ 9M549 ပဲ့ထိန်းဒုံးကျည်များတွင် HE-FRAG (High Explosive Fragmentation)ခဲယမ်းများ အသုံးပြုထားသည်။

**Russia to increase deployment in Ukraine of Tornado-S MLRS and 2S7M Malka howitzers ကို ဘာသာပြန်ဆိုထားပါသည်။**


## Northrop Grumman နှင့် အမေရိကန်လေတပ်က B-21 Raider ဗုံးကြဲလေယာဉ်ကို ပထမဆုံးထုတ်ဖော်ပြသ

Northrop Grumman ကော်ပိုရေးရှင်းနှင့် အမေရိကန်လေတပ်တို့က B-21 Raider ဗုံးကြဲလေယာဉ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း ဒီဇင်ဘာ ၂ ရက်တွင် အဆိုပါကော်ပိုရေးရှင်းက ထုတ်ပြန်သော PR အရ သိရသည်။

B-21 မဟာဗျူဟာမြောက် ကိုယ်ပျောက် ဗုံးကြဲလေယာဉ်သည် အမေရိကန်အတွက် အရှုပ်အထွေးဆုံး၊ အဆင့်မြင့်ဆုံးသောရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ထင်သာမြင်သာရှိပြီး လိုက်လျောညီထွေရှိသော အဟန့်အတားတစ်ခုအဖြစ် နျူကလီးယား Triad (သုံးချောင်းထောက်စွမ်းအားစုများ)နှင့် ချိတ်ဆက်ထားသည့် လေတပ်စွမ်းအားတစ်ခုလည်းဖြစ်သည်။

B-21 Raider ဗုံးကြဲလေယာဉ်သည် အမေရိကန်လေ ကြောင်းစွမ်းအားအတွက် အနာဂတ်တွင် ပင်မကျောရိုးဖြစ်သည်။ သတင်းအချက်အလက်များ၊ အာရုံခံကိရိယာများနှင့်လက်နက်စနစ်များ အဆင့်မြင့်ပေါင်းစပ်မှုမှတစ်ဆင့် စွမ်းဆောင်ရည်နှင့် ခေတ်သစ်ကို အားကောင်းသည့် လေကြောင်းစွမ်းအားစနစ် အုပ်စုများဖြင့် ဦးဆောင်ထားနိုင်လိမ့်မည်ဖြစ်သည်။ ၎င်း၏ ဆဋ္ဌမမျိုးဆက်စွမ်းရည်များတွင် ကိုယ်ပျောက်နိုင်စွမ်း၊ သတင်းအချက်အလက်အားသာချက်နှင့် ဖွဲ့စည်းတည်ဆောက်ထားနိုင်စွမ်း (Open Architecture) တို့ ပါဝင်သည်။

B-21 Raider ဗုံးကြဲလေယာဉ်သည် စစ်မြေပြင်တစ်လျှောက် စနစ်များစွာနှင့် နယ်ပယ်အားလုံးသို့ ကွန်ရက်ချိတ်ဆက်လုပ်ဆောင်နိုင်စွမ်းရှိသည်။ ၎င်း၏တိုးတက်ဖွံ့ဖြိုးမှုတစ်လျှောက် ဒစ်ဂျစ်တယ်ဂေဟစနစ် (ယူနစ်တစ်ခုအဖြစ် လုပ်ဆောင်နိုင်သော အပြန်အလှန်ချိတ်ဆက်ထားသော သတင်းအချက်အလက်နည်းပညာအရင်းအမြစ်အုပ်စု)ဖြင့် ပံ့ပိုးပေးထားသည့် B-21 သည် အနာဂတ်ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန် စွမ်းရည်အသစ်များကို လျင်မြန်သော နည်းပညာအဆင့်မြှင့်တင်မှုများမှတစ်ဆင့် ထွက်ပေါ်လာနိုင်ခြင်းလည်းဖြစ်သည်။



ဒုတိယကမ္ဘာစစ်က Doolittle Raids လေကြောင်းစီးနင်းမှုများတွင် အင်အား ၈၀ ကိုဦးဆောင်ခဲ့သော ဒုတိယဗိုလ်မှူးကြီး James "Jimmy" Doolittle သည် B-25 Mitchell အလယ်အလတ်ဗုံးကြဲလေယာဉ် ၁၆ စီးဖြင့် ဒုတိယကမ္ဘာစစ်၏လမ်းကြောင်းကို ပြောင်းလဲစေသော ရည်မှန်းချက်တာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ပြုသောအားဖြင့် Raider ဟုအမည်ပေးထားသည်။ B-21 သည် Raider ကို ၂၁ ရာစု၏ ပထမဆုံးဗုံးကြဲလေယာဉ်အဖြစ် အသိအမှတ်ပြုထားခြင်းလည်းဖြစ်သည်။

**Northrop Grumman & US Air Force unveil B-21 Raider aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပြည်တွင်းငါးဈေးကွက်အတွင်း ဈေးကောင်းရနေသည့်ငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိမှုနှုန်းပိုမိုများပြားစေရန် ဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်တွင်းငါးဈေးကွက်အတွင်း ဈေးကောင်းရနေသည့် ငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိမှုနှုန်းပိုမိုများပြားစေရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကြီးငွေထံမှ သိရသည်။

ငါးပုတ်သင်သည် ပြည်တွင်းငါးဈေးကွက်အတွင်း စားသုံးမှုများပြားကာ ဈေးကောင်းရသည့် ဈေးကွက်ခိုင်မာမှုရှိသော ငါးအမျိုးအစားဖြစ်သည့်အတွက် အဆိုပါငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိနှုန်း ပိုမိုကောင်းမွန်လာစေရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငါးပုတ်သင်က ဈေးကောင်းရရှိပြီး ဈေးကွက်ခိုင်မာတဲ့အတွက် ပြည်တွင်းစားသုံးမှုပိုလျှံဖို့ ပထမအဆင့်အနေနဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ ပြည်ပပို့နိုင်အောင် လုပ်မှာပါ။ လတ်တလောကတော့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပူးပေါင်းပြီး သုတေသနလုပ်ငန်းတွေ လုပ်နေပါတယ်"ဟု ဦးကြီးငွေက ပြောပြသည်။

ငါးပုတ်သင်ကို တနင်္သာရီ မွန်၊ နတ်တော်၊ ပြာသို၊ တပို့တွဲလတို့တွင် အများဆုံးဖမ်းဆီးရမိပြီး အထူးသဖြင့် ရေဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့တို့တွင် ငါးပုတ်သင်များကို ပိုမိုတွေ့ရကြောင်း၊ ပြည်တွင်းငါးဈေးကွက်အတွင်း ငါးပုတ်သင်အစိုတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ရှိနေပြီး ငါးပုတ်သင်အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးရှိကြောင်း သိရသည်။

ASH

# ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပင်းတယ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ၇ ဒသမ ၇၆ သန်းဖြင့် ဦးစီးဌာနဝန်ထမ်းများက နည်းပညာများပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၃၇၁ အိမ်၊ လူဦးရေ ၁၈၆၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ရိုင်**

# ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပေါင် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းပင်ချောင်ကြီးကျေးရွာအုပ်စု ထန်းပင်ချောင်ကြီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ ထန်းပင်ချောင်ကြီးကျေးရွာတွင် လမ်းအရှည်ပေ ၁၀၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေသုံးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထန်းပင်ချောင်ကြီးကျေးရွာတွင် အဆိုပါကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဖြိုးဆောက်လုပ်ရေးကုမ္ပဏီက ဇွန်လစတုတ္ထပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများအားလုံး ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၇၈၈ အိမ်၊ လူ ၅၂၄၄ ဦးတို့၏ လယ်ယာဧကများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စိန်လွင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ရွှေထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ခွေ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားနိုင်ငံ အဆင့်မြင့်ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရုရှားနိုင်ငံ အဆင့်မြင့်ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Natalia A. Bocharova နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများနှင့် Naypyitaw State Academy ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က Naypyitaw State Academy ၏ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ကျောင်းသားအင်အား၊ လက်ရှိသင်ကြားနေသည့် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးတို့သည် ပညာတော်သင်များ တိုးမြှင့်စေလွှတ်နိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ ပညာရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားဘာသာစကား သင်ကြားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့် ဦးဆောင်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ယခုပထမအကြိမ်အစည်းအဝေးကိုခေါ်ယူပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် 1968 Vienna Convention on Road Signs & Signals တို့သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသည့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ပါ ပြဋ္ဌာန်းချက်များကို အခြေခံထားခြင်းဖြစ်ပါကြောင်း၊ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုသည့်လမ်းများကို မြေပြင်၌ လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီများနှင့် ဆက်စပ်ဌာနများအနေဖြင့် ထုတ်ပြန်ထားသည့်ညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ရေးဆွဲစိုက်ထူကြရန်ဖြစ်ပါကြောင်း၊ လက်ရှိ ရေးဆွဲစိုက်ထူအသုံးပြုထားသည့် လမ်းညွှန်းများ၊ အချက်ပြများနှင့် လမ်းပေါ်ဆေးရေးအမှတ်အသားများသည် ညွှန်ကြားချက်ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက အမြန်ပြင်ဆင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အချို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများဆိုင်ရာ ကွဲလွဲမှုများ စိစစ်တွေ့ရှိရသည့်အတွက် သတ်မှတ်ညွှန်ကြားချက်နှင့်အညီဖြစ်စေရေး အမြန်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် လက်အောက်ရှိ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများကို စုစည်း၍ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ ပြုပြင်စေခြင်းများ အမြန်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ဦးစားပေးဧရိယာ၊ ဦးစားပေးတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဦးစားပေးလမ်းများကိုရွေးချယ်ပြီး အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။



ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း Road Audit ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဒေသအလိုက်လမ်းပိုင်းအားလုံး၌ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံမှန်ကန်ညီညွတ်ရေး၊ ဒေသအလိုက်လုပ်ငန်းစဉ်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းရေးတို့ကို ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားကာ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီးအလွတ်တန်းဖိတ်ခေါ် U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားကာ ပြိုင်ပွဲဝင် အားကစားသမားများက နိုင်ငံတော်သီချင်းနှင့် အားကစားသစ္စာဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီးအလွတ်တန်းဖိတ်ခေါ် U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်... ရောဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲနှင့် U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ကွင်းအမှတ် ၃ တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒီဇင်ဘာ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒီဇင်ဘာ ၄ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၄၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၃၂၄ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၈၆၃ ဦး |

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန "၃၇ မင်းနတ်အက၊ နတ်ကတော်အကနှင့် အပျိုတော်အက ဖျော်ဖြေတင်ဆက်မှုဆိုင်ရာသမားစဉ်များ" စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**ပုဂံ ဒီဇင်ဘာ ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက "၃၇ မင်းနတ်အက၊ နတ်ကတော်အကနှင့် အပျိုတော်အက ဖျော်ဖြေတင်ဆက်မှုဆိုင်ရာသမားစဉ်များ" စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုဂံမြို့ရှိ ယွန်းပညာကောလိပ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါ်အေးနုစိန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ ပုဂံမြို့နှင့် ညောင်ဦးမြို့တို့မှ ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ စာတမ်းဖတ်ပွဲအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က ပဲကြီးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဇာတ်သဘင်များ၊ နတ်ပွဲများတွင် နတ်အကြောင်းအတ္ထုပ္ပတ္တိကို ဖွဲ့ဆိုထားသည့် နတ်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို သီဆိုတီးမှုတ်ကခုန်ရန် ရေးစပ်ထားသောသီချင်းကို နတ်ချင်းဟု ခေါ်ဆိုပါကြောင်း၊ နတ်ချင်းနှင့် နတ်အကသည် ရှေးအကျဆုံးမြန်မာ့ရိုးရာသီချင်းနှင့် ရိုးရာအကဖြစ်ပါကြောင်း၊ နတ်ချင်းများသည် ယဉ်ကျေးမှုအနုပညာနှင့် ဂီတသီချင်းများအဖြစ် ယနေ့တိုင် တည်တံ့ပြန့်ပွားလျက်ရှိနေပါကြောင်း၊ ပျူခေတ်ကစတင်ပြီး မြန်မာ့သဘင်ပညာသည် ကိုးကွယ်ယုံကြည်မှု၊ ပူဇော်ပသမှုကိုအခြေခံပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ တီးမှုတ်သည့် တူရိယာ၊ ပစ္စည်းသုံးစွဲမှုနှင့် တီးခတ်သည့်သံစဉ်၊ သီဆိုသည့် စာသား၊ ကပြသည့် ဟန်ပန်အမူအရာများမှာ ကိုးကွယ်ယုံကြည်မှုကို အလေးဂရုထားပြီး သီဆိုတီးမှုတ်ကပြကြသည်ကို လေ့လာသိရှိနိုင်ပါကြောင်း။

စာတမ်းဖတ်ပွဲကို အကြောင်းပြုပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ၃၇ မင်းနတ်ချင်းများ၊ နတ်အကများ၊ တီးကွက်တီးလက်များနှင့်မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ နတ်ကတော်အက၊ အပျိုတော်အကများ၏ ကကြိုးကကွက်များ၊ တီးကွက်တီးလက်များကို အထောက်အထား မှတ်တမ်းများအဖြစ် ကျန်ရှိစေရန်၊ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းကိုဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့သဘင်အစဉ်အလာ သမားစဉ်များ၏အရေးပါမှုကို လေးစားတန်ဖိုးထားသိရှိနိုင်စေရန် အထောက်အကူပြုနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့အောင်က "၃၇ မင်း နတ်ကတော်အကနှင့် အပျိုတော်အက သမားစဉ် တီးကွက်တီးလက်များ" စာတမ်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဦးခိုင်ထွန်းက "ပွဲဦးနတ်ကတော်အကနှင့်အပျိုတော်အက၏ ကကြိုးကကွက်များကို လေ့လာခြင်း" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် မောင်လူမွှေး(မြန်မာ့မှု)က "အပျိုတော်နှင့်သဘင့်အစဉ်" စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ရာ ဆိုင်းပညာရှင် ဦးကျော်ညွန့်က သဘာပတိအဖြစ်ဆောင်ရွက်သည်။ စာတမ်းတစ်စောင်ချင်းဖတ်ကြားအပြီးတွင် တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နတ်ကတော် သမားစဉ် အဆို၊ အတီး၊ အကဖြင့်လည်းကောင်း၊ အပျိုတော်သမားစဉ် အဆို၊ အက၊ အတီးဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါ်အေးနုစိန်တို့က သဘာပတိနှင့်စာတမ်းရှင်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာတမ်းများနှင့်ပတ်သက်၍ သုံးသပ်ပြောကြားပြီး စာတမ်းဖတ်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် ဆေးတက္ကသိုလ်(တောင်ကြီး)တို့ကို ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ရှိ ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ်၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ပြည်တွင်းပြည်ပခရီးသွားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ပြင်ဆင်ထားရှိရန်၊ နမ်းပန်ဆေးရုံ၊ ဟဲယားရွာမနှင့် စံကားတိုက်နယ်ဆေးရုံတို့တွင် ဆေးရုံလုပ်ငန်း အားဖြည့်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် သာလေးကျေးလက်ကျန်းမာရေးဌာနခွဲသို့ရောက်ရှိပြီး ဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ငါးထပ်ဆောင်ရှိ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ်ကုသခန်း၊ လူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆောင်ရွက်ဆဲ သုံးထပ်လူနာဆောင်၊ သုံးထပ် ဝန်ထမ်းအိမ်ရာ၊ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ငန်းရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာနှစ်လုံး ဆောက်လုပ်မည့်အစီအစဉ် အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံအုပ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုများ ညှိနှိုင်းပံ့ပိုးပေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဆေးတက္ကသိုလ်(တောင်ကြီး)သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တက္ကသိုလ်အတွင်းရှိ စာသင်ခန်းများနှင့် အဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်၊ သင်ကြားရေး လေးထပ်စာသင်ဆောင် အနောက်ဘက်ခြမ်း မြေထိန်းနံရံဆောင်ရွက်ခြင်း၊ ဆေးတက္ကသိုလ်အနောက်ဘက် RC အုတ်ခြံစည်းရိုးတည်ဆောက်ခြင်း၊ ဂါလန်ငါးထောင်ဆံ့ Ground Tank ဆောက်လုပ်ခြင်း၊ ပင်မဆောင် ပထမနှစ် ဌာနငါးခု ဌာနမှူးများအတွက် အခန်းကာရံခြင်း၊ သရဖီဆောင်နှင့်စွယ်တော်ဆောင်တို့တွင် သံပန်းများ တပ်ဆင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး-တောင်ကြီးမြို့၊ ကလောမြို့နယ်ရှိ အောင်ပန်းတိုက်နယ်ဆေးရုံနှင့် ခရိုင်ပြည်သူ့ဆေးရုံ၊ ကလောမြို့တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးမြို့ ရေပေးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ မြင့်မားလာစေရန်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်နှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများဖလှယ်ရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား "ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်း" မိတ်ဆက်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က အမှာစကား ပြောကြားကြပြီး စီမံကိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါစီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)ဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ရေပေးဝေရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရေမီတာတိုးချဲ့တပ်ဆင်နိုင်ရေး၊ လုပ်ငန်းများစဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး၊ စမ်းသပ်လည်ပတ်နေမှုများ အောင်မြင်အောင်ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး အကြိုရေစစ်ကန်တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၆-၁၂-၂၀၂၂ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၂။ | ၁၀း၄၆ | ဖတ်သမျှမှတ်သမျှ |
| ၃။ | ၁၁း၃၀ | Keep it Nature |
| ၄။ | ၁၃း၃၀ | Live For You |
| ၅။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |

# တတိယအကြိမ်မြောက် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၅**

တတိယအကြိမ်မြောက် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးများ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရုရှား-မြန်မာ ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်စပ်အစည်းအဝေးများကို အစီအစဉ်သုံးခုဖြင့် ဆောင်ရွက်ခဲ့ရာ အစီအစဉ်(၁)အရ ကျင်းပသည့် "ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာ" (On prospects for interbank cooperation) နှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Alexey Guznov နှင့် ရုရှားနိုင်ငံ၏ အမျိုးသားငွေပေးချေမှုကတ် ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr. Vladimir Komlev တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အစီအစဉ်(၂)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားနိုင်ငံ ဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on bilateral cooperation between the Bank of Russia and the Central Bank of the Republic of the Union of Myanmar) ကို နှစ်နိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လက်မှတ်ရေးထိုးသည်။

အစီအစဉ်(၃)အရ နှစ်နိုင်ငံဗဟိုဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (Round-table "Banks and Finance") တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ရုရှားနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Alexey Guznov တို့က အမှာစကားများ ပြောကြားကြပြီး နှစ်နိုင်ငံဗဟိုဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများက ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

" အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION"

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇၇ / ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းဦးလွင်အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇၈ / ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နန်းမေယဉ်အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ**"ပုလောမြို့နယ် ပလမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သေနတ်ဖြင့်ခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ကာ နေအိမ်အား မိုင်းခွဲဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ၇-၁၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တမူးအကြမ်းဖက်အဖွဲ့၏ လူမြင်ကွင်းတွင် လူမဆန်စွာ သတ်ဖြတ်ခြိမ်းခြောက်မှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ခြေ ၆၈၃ လုံး၊ မကွေးတိုင်းဒေသကြီး၌ အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်၌ အိမ်ခြေအလုံး ၂၂၀ နှင့် ကချင်ပြည်နယ်၌ အိမ်ခြေအလုံး ၃၀ မီးလောင်ပျက်စီးခဲ့




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် ကျေးရွာများကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ကျောက်အိုက်ကျေးရွာနှင့် ရွှေချောင်းကျေးရွာအနီးသို့ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် မိမိဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျောက်အိုက်ကျေးရွာ၏ အရှေ့မြောက်ဘက်နှင့် ရွှေချောင်းကျေးရွာ၏ အရှေ့ဘက်တို့သို့ အသီးသီးဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။ ထိုသို့ဆုတ်ခွာစဉ် ကျေးရွာများအတွင်းရှိ လူနေအိမ်အချို့ကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ကျောက်အိုက်ကျေးရွာရှိ လူနေအိမ် ၆၈ လုံးအနက် အလုံး ၆၀၊ ရွှေချောင်းကျေးရွာရှိ လူနေအိမ် ၂၇၃ လုံးအနက် အလုံး ၈၀ မီးလောင်ပျက်စီးခဲ့သည်။

ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဇီးဖြူကျင်းကျေးရွာအနီးသို့အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ လူနေအိမ်များကို အကာအကွယ်ရယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးစဉ် လူနေအိမ်အချို့ကို မီးရှို့ဖျက်ဆီးခဲ့သောကြောင့် အိမ်ခြေ ၁၅၅ လုံးအနက် အလုံး ၃၀ မီးလောင်ပျက်စီးခဲ့သည်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ခြေ ၆၈၃ လုံး၊ မကွေးတိုင်းဒေသကြီး၌ အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်၌ အိမ်ခြေ အလုံး ၂၂၀ နှင့် ကချင်ပြည်နယ်၌ အိမ်ခြေ အလုံး ၃၀ ရှိပြီဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရာကျော်သဲတန်းကျေးရွာကမ်းခြေတွင် ပင်လယ်ပြင်၌ သဘာဝအလျောက် သေဆုံးမျောပါနေသော ဝေလငါးမန်း(Whale Shark) ဒေသအခေါ် (ဝါဇီပျောက်)ငါးကို မြှုပ်နှံပေးခဲ့



ဝေလငါးမန်း(Whale Shark) ပင်လယ်ပြင်မှ ရာကျော်သဲတန်းကျေးရွာကမ်းခြေသို့ ရောက်ရှိနေမှု မှတ်တမ်းဓာတ်ပုံ။



ဒေသခံများက ဝေလငါးမန်း(Whale Shark)အား မြှုပ်နှံမည့်နေရာသို့ ဆွဲယူနေသည့် မှတ်တမ်းဓာတ်ပုံ။



တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ မြိတ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနနှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ဝေလငါးမန်း (Whale Shark)အား မမြှုပ်နှံမီ သွားရောက်ကြည့်ရှုနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၅**

တနင်္သာရီ ရေတပ်စခန်းဌာနချုပ် စည်းရုံးရေးနယ်မြေအတွင်းရှိ စခန်းသစ်ကျေးရွာအနီး ကာယားကျွန်း၏ အနောက်တောင်ဘက် ၁ ဒသမ ၄ မိုင်ခန့်အကွာတွင် ဒေသခံငါးဖမ်းလှေမှ ဝေလငါးမန်း(Whale Shark) ဒေသအခေါ်(ဝါဇီပျောက်)ငါး အလျား ၂၄ ပေခန့်၊ အနံ ခြောက်ပေခန့် အသေတစ်ကောင်ကို ဒီဇင်ဘာ ၂ ရက်တွင် တွေ့ရှိခဲ့ပြီး စခန်းသစ်ကျေးရွာအုပ်စု ရာကျော်သဲတန်းရွာကမ်းခြေသို့ သယ်ယူခဲ့သည်။

အဆိုပါ စခန်းသစ်ကျေးရွာအနီးရှိ စစ်ရေယာဉ်မှ စစ်ရေယာဉ်မှူးနှင့်အဖွဲ့သည် ရာကျော်သဲတန်းကျေးရွာသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံအဖွဲ့များနှင့်ပူးပေါင်း၍ ပုံစံမပျက်မြှုပ်နှံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုကို ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဦးစီးအဖွဲ့၊ မြိတ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ ဌာနမှူး ဦးစီး ကျောင်းသား၊ ကျောင်းသူ လေ့လာရေးအဖွဲ့နှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်းပြီး ရာကျော်သဲတန်းကျေးရွာကမ်းခြေ၌ အဆိုပါဝေလငါးမန်း (Whale Shark) ဒေသအခေါ် (ဝါဇီပျောက်)ငါးကို စနစ်တကျမြှုပ်နှံပေးခဲ့သည်။

မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ လေ့လာတွေ့ရှိချက်အရ အဆိုပါ ဝေလငါးမန်း(Whale Shark) ဒေသအခေါ် (ဝါဇီပျောက်)ငါး၏မျိုးစိတ်မှာ Rhin-codon typus ဖြစ်ပြီး သက်တမ်းနှစ် ၈၀ မှ နှစ် ၁၀၀ ကြား အသက်ရှင်နိုင်သော ဝေလငါးမန်းအမျိုးအစားဖြစ်သည်။ ယခုတွေ့ရှိရသော ဝေလငါးမန်း(Whale Shark)မှာ သက်တမ်း ၁၅ နှစ်မှ နှစ် ၂၀ ကြားရှိသည့် ဝေလငါးမန်းအမျိုးအစားဖြစ်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရာသီဥတုဆိုးရွားခြင်းနှင့် ရေစီးကြောင်းကြောင့် ပင်မကမ်းခြေအနီးသို့ရောက်ရှိပြီး ရေချိုနှုန်းများသည့်အတွက် သဘာဝအလျောက် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း၌ သေဆုံးနေသည့် အမျိုးသားအလောင်း ၁၃ လောင်း တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာအုပ်စု ငွေနံ့သာကျေးရွာမှ အမှတ်(၇)လမ်းမကြီးသို့ ဆက်သွယ်ထားသော ကားလမ်းဘေး၌ သေဆုံးနေသည့် အမျိုးသားအလောင်း ၁၃ လောင်းကို ယနေ့နံနက် ၇ နာရီခန့်တွင် တွေ့ရှိရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပို့ချက်အရ သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပေးပို့ချက်အရ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ရေများစိုနေပြီး လက်ဖျားများ နူးပွနေသည့် အမျိုးသားအလောင်း ၁၃ လောင်းကို တွေ့ရှိခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မုံရွာမြို့ စက်မှုဇုန်စစ်ဆေးရေးဂိတ်သို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်၊ လမ်းသွားလမ်းလာ ဒေသခံပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိ





မုံရွာမြို့ စက်မှုဇုန်စစ်ဆေးရေးဂိတ်သို့ PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်ပစ်ခတ်စဉ် ဒေသခံပြည်သူများ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန် စစ်ဆေးရေးဂိတ်၌ လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် စစ်ဆေးရေးဂိတ်အနီး သွားလာလျက်ရှိသည့် ဒေသခံပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါစက်မှုဇုန်လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိသည့်တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦး၏ အလောင်း နှစ်လောင်းအား သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများ၏ လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် စစ်ဆေးရေးဂိတ်အနီးသွားလာလျက်ရှိသည့် လမ်းသွားလမ်းလာ ဒေသခံပြည်သူ သုံးဦးတွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့သောကြောင့် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပံသာကျေးရွာရှိ သီရိဓမ္မာဘုန်းကြီးကျောင်းကို PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ Drop Bomb တစ်လုံး ပစ်ချဖောက်ခွဲ

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ရဟန်းသံဃာတော်များနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပံသာကျေးရွာရှိ သီရိဓမ္မာဘုန်းကြီးကျောင်းကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက Drone ယာဉ်ဖြင့် Drop Bomb တစ်လုံးအား ပစ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သတ္တမဝေပုလ္လဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဓမ္မာရုံ၏ အမိုးသွပ်တစ်ချပ်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



လက်ပံသာကျေးရွာရှိ သီရိဓမ္မာဘုန်းကြီးကျောင်းဓမ္မာရုံ အမိုးပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# မုဒုံမြို့ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ရီမုမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၊ ရုံးဝန်ထမ်းအမျိုးသား တစ်ဦးသေဆုံး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



မုဒုံမြို့ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်ရီမုမိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် ရုံးအဆောက်အအုံ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ပြီး အမျိုးသားသုံးဦး၊ အမျိုးသမီး တစ်ဦး ပေါင်း လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခန့်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းနှင့် ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိစဉ် ရုံးယာဘက်ခြမ်း ပြတင်းပေါက်အနီး၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်ရီမုမိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်းအမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး ပေါင်း လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထိုသို့ ဆေးကုသမှုများခံယူလျက်ရှိစဉ် အမျိုးသား တစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ကျန်လူနာများအား လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား ထိခိုက်စေရန်နှင့် နိုင်ငံပိုင်အဆောက်အအုံကို ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများနှင့် ပိတ်ဆို့ရှာဖွေမှုများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်မြို့ အမှတ်(၃)ရပ်ကွက်နေ ယဉ်ယဉ်ဦးသည် ၎င်းအသုံးပြုသည့် “Yin Yin Oo” Facebook အကောင့်၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာနေ အောင်ပိုင်ဦး(ခ)အောင်ဖြိုးဝေသည် ၎င်းအသုံးပြုသည့် “Aung Paing Oo” Facebookအကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ပညာလိုချင်စိတ်

မောင်နှင်းဆီ

**"အောင်မြင်မှု"**ဆိုတာက ယာဉ်တစ်စီးပဲ။

သူက ဘီးနဲ့ရွေ့လျားရတာဖြစ်တယ်။ အဲဒီဘီးရဲ့ အမည်က **"အလုပ်ကြိုးစားမှု"** တဲ့။

ဒါပေမယ့် ခရီးဆက်လက်ထွက်ခွာနိုင်ဖို့ရာ လိုအပ်တဲ့ မပါမဖြစ်ဓာတ်ဆီ သို့မဟုတ် ဒီဇယ်ဆီ (နောင်အခါမှာ လျှပ်စစ်ဘက်ထရီလည်းဖြစ်မှာပေါ့) ထည့်ထားဖို့လိုပါတယ်။ အဲဒါကတော့ **"မိမိကိုယ်ကို ယုံကြည်မှု"** လို့ခေါ်တဲ့အရာပေါ့။

**အေရျေ၊ အဗ္ဗဒုကာလမ်**

(အိန္ဒိယသမ္မတ၊ အငြိမ်းစား)

**ပညာဒသက**ဆိုတဲ့ ပညာစွမ်းအားအကောင်းဆုံး အသက်အရွယ်အပိုင်းအခြားဆိုတာရှိပါတယ်။ လူ့သက်တမ်းမှာ အခက်အခဲအမျိုးမျိုးနဲ့ ပြဿနာအကျပ်အတည်းအထွေထွေကို ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် အကောင်းဆုံးဖြေရှင်းကျော်လွှားနိုင်တဲ့ ကာလပေါ့။ အဲဒါ အသက် ၄၁ နှစ်ကနေ အသက် ၅၀ ပါပဲ။ အဲဒီအမြင့်ဆုံးထိပ်ပိုင်းစွမ်းရည်ရရှိဖို့ရာအတွက် အသက် ၁၀ နှစ်ကနေ နှစ်ပေါင်း ၄၀ ကျော်ထိ ပညာကို နှစ် ၃၀ မပြတ်လေ့လာဆည်းပူးရပါတယ်။ အနှစ် ၃၀။

အစွမ်းကုန် သုတပညာ၊ မုတပညာ စုဆောင်းခဲ့တော့ ထူးချွန်ပြောင်မြောက်ပြီပေါ့။ ပညာဆိုတာက တစ်သက်လုံး ဆည်းပူးလေ့လာလို့မကုန်ပါဘူး။ တက္ကသိုလ်အသီးသီးက ပါမောက္ခကြီးတွေလည်း နေ့ကောညပါ စာဖတ်နေကြဆဲဆိုတာ တွေ့မြင်ရမှာပါ။ ရှာဖွေလေလေ၊ တွေ့ရှိလေလေ။ ပညာဆိုတာ လိုက်လေလိုက်လေ သိလာလေလေ ပိုပြီးတိကျအောင်၊ ပြည့်စုံအောင် သိချင်လေလေ။ ပညာရှာရတာ ခက်ခဲနက်နဲပေမယ့် စိတ်ဝင်စားရင် ပျော်စရာ၊ ကြည်နူးစရာကောင်းပေတာကိုး။

အောင်ခြင်းရှစ်ပါးမှာ မြတ်စွာဘုရား ချေချွတ်ဆုံးမ၊ လမ်းမှန်ပြခဲ့ရတဲ့ အာဠာဝကနတ်ဘီလူးကြီးကို သိကြတယ်မဟုတ်ပါလား။ ဒီဘီလူးကြီးက ခွန်အား၊ စွမ်းအားကြီးမားသလောက် ဉာဏ်များပြီး ပါးနပ်ထက်မြက်တဲ့အပြင် မောက်မာခက်ထန်တဲ့ နတ်ဘီလူးကြီးပါ။ သူ့ကို မာန်မာနတွေကွာကျပြီး အစွယ်တွေကြွေကာ ရှိခိုးဦးတိုက်စေတာ ဘုရားရှင်က တန်ခိုးကဒ္ဓိပါဒ်အရာမှာသာကြောင်း၊ သည်းခံခွင့်လွှတ်စိတ်ရှည်နိုင်တဲ့ မေတ္တာဓာတ်အရာမှာလည်း သာလွန်ကြောင်းအပြင် ပညာအမြော်အမြင်မှာလည်း ဘီလူးကြီး မေးချင်တာမေး၊ သိရှိကျွမ်းကျင်စွာ ဖြေနိုင်အောင် သာလွန်ကြောင်း ထင်ထင်ရှားရှားပြနိုင်တာကြောင့်ပါ။ အာဠာဝက က မေးတယ် "ပညာကို ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ"တဲ့။

**"၁။ လိုချင်စိတ်ရှိရမယ်။**

**၂။ ပညာလိုချင်စိတ်ထက်သန်ပြီး အဆက်မပြတ် လေ့လာဆည်းပူးခြင်းလည်းရှိရမယ်။**

**၃။ သိမြင်အောင် ဆင်ခြင်လေ့ကျင့်ပွားများရမယ်။**

**၄။ ထိုက်သင့်တဲ့ ဉာဏ်ရည်လည်းရှိရမယ်"**

စသည်ဖြင့် တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ဖြေကြားတော်မူလိုက်တယ်။ ဉာဏ်ထက်တဲ့ အာဠာဝကဟာ ကောင်းစွာ သဘောပေါက်လက်ခံပြီး တပည့်ဒါယကာအဖြစ် ဆုံးမတော်မူပါဘုရား။(အကြွင်းမဲ့ လက်နက်ချအညံ့ခံလိုက်ပါတော့တယ်။)

အမေးအဖြေ ၁၃ ချက် အာဠာဝကသုတ်ကို ဆက်လက်လေ့လာပါတယ်။ မျက်မှောက်ခေတ် ၂၁ ရာစုမှာတော့ လူသားတွေဟာ အလုပ်ကို ပင်ပင်ပန်းပန်း အဆင်းရဲခံပိုလုပ်ပြတာထက် ကျွမ်းကျွမ်းကျင်ကျင်နဲ့ အလုပ်ကို ထိရောက်အောင်မြင်အောင် လုပ်ပြနိုင်တဲ့ အရည်အချင်းပိုလိုကြောင်း သိနေကြပါပြီ။ ပညာကြိုးစားရမယ်။ အသိပညာကို လိုလိုလားလား ဆည်းပူးမှတ်သားခဲ့ပြီး အမှန်တကယ်တတ်မြောက်ကျွမ်းကျင်အောင် အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ခဲ့ရမယ်။ တော်မှဖြစ်မယ်။

❖ အစွမ်းကုန် သုတပညာ၊ မုတပညာ စုဆောင်းခဲ့တော့ ထူးချွန်ပြောင်မြောက်ပြီပေါ့။ ပညာဆိုတာက တစ်သက်လုံးဆည်းပူးလေ့လာလို့ မကုန်ပါဘူး။ တက္ကသိုလ်အသီးသီးက ပါမောက္ခကြီးတွေလည်း နေ့ကောညပါ စာဖတ်နေကြဆဲဆိုတာ တွေ့မြင်ရမှာပါ။ ရှာဖွေလေလေ၊ တွေ့ရှိလေလေ။ ပညာဆိုတာ လိုက်လေလိုက်လေ သိလာလေလေ ပိုပြီးတိကျအောင်၊ ပြည့်စုံအောင်သိချင်လေလေ။ ပညာရှာရတာ ခက်ခဲနက်နဲပေမယ့် စိတ်ဝင်စားရင် ပျော်စရာ၊ ကြည်နူးစရာကောင်းပေတာကိုး။ ❖

ငွေကြေးဒေါ်လာသန်းပေါင်းများစွာရကြတဲ့ ကမ္ဘာကျော် ဘောလုံးသမား၊ တင်းနစ်ကစားသမား၊ ဂေါက်ရိုက်ကစားသူများ၊ လက်ဝှေ့ထိုးသူများ၊ အားလုံးသော အားကစားအကျော်အမော်တွေ ဘာကြောင့် ထူးထူးချွန်ချွန်တော်ကြပါလိမ့်။ အဖြေကတစ်ခုတည်းပါပဲ။ မရမနေလေ့ကျင့်ခဲ့ကြလို့သာဖြစ်ပါတယ်။ ကမ္ဘာ့ကြွယ်ဝချမ်းသာသူ သူဌေးဖြစ်နေတဲ့ အင်္ဂလန်ဘောလုံးသမား (တစ်ချိန်က မန်ယူက) ဒေးဗစ်ဘက်ခမ်း၊ ပင်လယ်ကမ်းခြေသောင်ပြင်မှာ လေ့ကျင့်နေခဲ့တာ ကြည့်ရဖူးတယ်။ အဝေးကြီးက သံစည်ပိုင်းထဲကို (တန်းစီထားတဲ့ သောင်ပြင်ပေါ်က စည်ပိုင်းသုံးခု) ဘောလုံး သုံးလုံး၊ သဲပြင်မှာပဲ တစ်လုံးပြီးတစ်လုံး ကန်ထည့်ပြတယ်။ သုံးလုံးစလုံးဝင်သွားကြတာ တကယ်ပဲ အံ့သြစရာစွမ်းရည်ပါ။ ဒါကြောင့် ကမ္ဘာကျော်တာပဲ။ ခရစ္စတီယာနိုရော်နယ်ဒို၊ လီယွန်နယ် မက်ဆီနဲ့ ဟာလန်းတို့ ဘောလုံးလေ့ကျင့်နေကြပုံတွေကိုလည်း ကြည့်ဖူးခဲ့ပါတယ်။ လေ့ကျင့်တာ ဇွဲကောင်းကြကြောင်း သတိပြုမိပါတယ်။ တော်ပေမှာပဲ။

ပညာရှိသူက အရာရာသာမှာပဲ။

လေ့ကျင့်မှုအကောင်းဆုံးလူက တော်မှာပဲ။

အခြေခံအတန်းပညာဆိုတာလည်း အဓိကမကျလှပါဘူး။ ပညာလိုလားကြိုးစားမယ်ဆိုတဲ့ တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူခြင်းက အဓိကကျပါတယ်။ ဥပမာ-

အဆိုတော်မာမာအေး၊ ရီရီသန့်၊

အငြိမ့်မင်းသမီး ပန်တျာဌေးဌေးမြင့်၊

ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေး၊

သူတို့ရဲ့ အလုပ်အပေါ်မှာ အကောင်းဆုံးဖြစ်ရအောင် ကြိုးစားတန်ဖိုးထားတဲ့ တာဝန်၊ လေးနက်မှုကို တွေ့ကြရမယ်။ ဆိုင်းဆရာ စိန်ဗေဒါ၊ ဇာတ်မင်းသား ရွှေမန်းတင်မောင်တို့ရဲ့ လေ့ကျင့်မှု၊ ဆည်းပူးမှု၊ ကြိုးစားမှု၊ အတတ်ပညာကို မြတ်နိုးတတ်ခြင်းများက အတုယူစရာပါ။ အားကစားဖြစ်ဖြစ်၊ အနုပညာဖြစ်ဖြစ်၊ ပါရမီဆိုတဲ့ ကာလရှည်လျား စိတ်ဝင်တစားနဲ့ စူးစူးစိုက်စိုက် ပညာကို လေးလေးနက်နက်ဆည်းပူးလေ့လာမှု လိုအပ်ပါတယ်။ စာပေဖတ်ရှုလေ့လာတာ၊ ဆရာသင်ပြတာကို မှတ်သားခံယူတာလည်းလိုပါတယ်။ ကိုယ်တိုင်လေ့ကျင့်တဲ့ မုတအတွေ့အကြုံနဲ့ အကြားအမြင်၊ စာတွေ့၊ ဗဟုသုတအတွေ့အကြုံပေါင်းစပ်ပြီး မိမိရဲ့စိတ်ကူးစိတ်သန်း ဖန်တီးဆန်းသစ်နိုင်အောင် ကြိုးပမ်းနေရပါတယ်။ ဉာဏ်ကစားလေ တိုးတက်လေလေ။

စာရေးဆရာ မင်းသိခ်ရဲ့ စောစောပိုင်း စုံထောက်ဝတ္ထုဇာတ်လိုက် ဆားပုလင်းနှင်းမောင် ဇာတ်လမ်းဇာတ်ကွက်တွေဟာ ဆရာကြီး ရွှေဥဒေါင်းရဲ့ **"စုံထောက်ဦးစံရှား"** နဲ့ အခြားဝတ္ထုတွေကို မှီငြမ်းပြီး ရေးထားတာပါ။ နှစ်ကာလ အနှစ် ၄၀၊ ၅၀ ကွာခြားသွားတော့ စာဖတ်သူတချို့ဟာ ဆရာကြီးရွှေဥဒေါင်းရဲ့ ဝတ္ထုနဲ့ဆင်တူမှန်းမသိတော့ပါ။ တကယ်တော့ ဆရာကြီး ရွှေဥဒေါင်းရဲ့ စုံထောက်မောင်စံရှား (နောင်အခါ ဦးစံရှားဖြစ်လာ) ဝတ္ထုတွေဟာလည်း မူရင်းအင်္ဂလိပ်စာရေးဆရာ ဆာအာသာကိုနန်ဒွိုင်း (Sir Arthur Conan Doyle) (၁၈၅၉-၁၉၃၀) ရေးခဲ့တဲ့ ရှားလော့ဟုမ်းစုံထောက်ဝတ္ထုအများစုကို မြန်မာမှုပြုပြီး ဖန်တီးရေးသားထားတာတွေဖြစ်ပါတယ်။ ကိုနန်ဒွိုင်းရဲ့ **"ရှားလော့ဟုမ်းဝတ္ထုတွေ"** ဟာ ကမ္ဘာကျော်အောင်ကောင်းကြသလို ဆရာကြီးရွှေဥဒေါင်းရဲ့ ဦးစံရှားစုံထောက်ဝတ္ထု (ပုဒ်ရေ ၆၈ ပုဒ်ကျော်) ဇာတ်လမ်းဇာတ်ကွက်များဟာ ခေတ်အဆက်ဆက်မှာ ဖတ်လို့မရိုးနိုင်အောင် စာဖတ်ပရိသတ် နှစ်သက်ခဲ့ကြပါတယ်။

ရှားလော့ဟုမ်းဝတ္ထုတွေရေးနိုင်အောင် မူရင်းစာရေးဆရာ အာသာကိုနန်ဒွိုင်းကို အထောက်အကူပြုပေးခဲ့သူကတော့ သူ့အိဒင်ဘာရာ ဆေးကျောင်းတက်ခဲ့စဉ်က သူ့ဆရာ **ဒေါက်တာ ဂျိုးဇက်ဘဲလ်** Dr. Joseph Bell အမည်ရှိတဲ့ ခွဲစိတ်ဆရာဝန်ပါပဲ။ ဒေါက်တာ ဂျိုးဇက်ဘဲလ်က ကိုနန်ဒွိုင်းကို ကျောင်းသားတွေထဲမှာ သဘောအကျဆုံးဖြစ်ပုံရပါတယ်။ သူ့ရဲ့အနီးကပ်တပည့် "ပြင်ပလူနာ မှတ်တမ်းတင်စာရေး" တာဝန်ကိုပါပေးပြီး နေရာချထားခဲ့ပါတယ်။ လူနာတွေကို နေရာချပေးရတယ်။ ရောဂါရာဇဝင်အကျဉ်းချုပ်ရေးရတယ်။ လူနာကို ဒေါက်တာဂျိုးဇက်ဘဲလ်ရဲ့ အခန်းထဲသို့ သွင်းပေးရတယ်။ နေ့စဉ်မြင်နေရတယ်။ ကြားနေရတယ်။ သူ့ကို သရုပ်ပြသင်ကြားနေသလိုဖြစ်နေတယ်။ လူနာတစ်ယောက်ကို ကိုနန်ဒွိုင်းမေးခွန်းတွေ အများကြီးမေးမှသိရတဲ့အချက်မျိုးကို ဒေါက်တာဘဲလ်က တစ်ချက်၊ နှစ်ချက်ကြည့်လိုက်ရုံမျှနဲ့ သိနေပါတယ်။ သူ့ဆရာ ဒေါက်တာဘဲလ်အသုံးပြုခဲ့တဲ့ စဉ်းစားပုံစဉ်းစားနည်း၊ ကောက်ချက်ချနည်းတွေကို အနီးကပ်လေ့လာခွင့်ရခဲ့တာကြောင့် စာရေးဆရာအဖြစ် စုံထောက်ရှားလော့ဟုမ်းကို ဖန်တီးရာမှာ အများကြီးအထောက်အကူရခဲ့ပါတယ်တဲ့။ ဒီလိုနဲ့ ဆရာဝန် ကိုနန်ဒွိုင်းဟာ အောင်မြင်ထင်ရှားတဲ့ ဆေးပညာရှင်ဖြစ်မလာခဲ့ပေမယ့်လည်း စုံထောက်ရှားလော့ဟုမ်းနဲ့ သူ့အဖော် ဒေါက်တာဝပ်ဆင်ဇာတ်ကောင်တို့ကိုတော့ ကမ္ဘာ့စာပေလောကမှာ အောင်မြင်ထင်ရှားအောင် ဖန်တီးရေးသားနိုင်ခဲ့ပါတယ်။ ဝတ္ထု ငါးတွဲနဲ့ ဝတ္ထုလတ် သုံးပုဒ်ရှိပါတယ်။ သူကွယ်လွန်တဲ့အခါ သားဖြစ်သူ အန်ဒရီယန်ကိုနန်ဒွိုင်းက ဂျွန်ဒစ်ဆန်ကားဆိုသူနဲ့တွဲပြီး ၁၂ ပုဒ်ထပ်ရေးပါသေးတယ်။

ဆရာမြသန်းတင့်က အပြည့်အစုံဘာသာပြန်ပြီး မူလဝတ္ထုပေါင်းချုပ် (၄) တွဲ ရေးသားခဲ့ပါတယ်။ ဘဝတက္ကသိုလ်စာပေက ထုတ်ဝေတယ်။ ဘာသာပြန်ရာမှာ အမျိုးသားစာပေဆု ငါးကြိမ်ရခဲ့တဲ့ ဆရာကြီး မြသန်းတင့်ရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ စေတနာကို လေးစားချီးကျူးစရာပါပဲ။ ကမ္ဘာ့အနှံ့ကျော်ကြားထင်ရှားလှတဲ့ စုံထောက်ဝတ္ထုတွေမို့ ကြိုးစားပြီးဖတ်ရှုသင့်ပါတယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့လက်ရာ မောင်စံရှားဝတ္ထုများ ပေါင်းချုပ်အနေနဲ့ မြန်မာပြည်စာအုပ်တိုက်၊ နှလုံးလှပုံ၊ မန္တလေးစာအုပ်တိုက်၊ စိတ်ကူးချိုချို စတဲ့စာအုပ်တိုက်တို့က ထပ်ခါထပ်ခါ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ စာဖတ်သူလည်းဖတ်ဖူးမှာပါ။

နာမည်ကျော် စုံထောက်ဝတ္ထုရေးဆရာ၊ ဆရာမ ခုနစ်ဦးက စုံထောက်ရှားလော့ဟုမ်းဝတ္ထုတွေ ဆက်ရေးပြီး အောင်မြင်ထင်ရှားကြပါတယ်။ ရှားလော့ဟုမ်းနဲ့ ဒေါက်တာဝပ်ဆင် စုံထောက်ဝတ္ထုတွေဟာ တွေးခေါ်စဉ်းစားပုံဆင်ခြင်ဉာဏ်ကို အများကြီးအကျိုးပြုလို့ စာဖတ်ပရိသတ်က နှစ်သက်သဘောကျပြီး စွဲလမ်းကြပါတယ်။ ဆရာမောင်ထွန်းသူက ဘာသာပြန်ပြီး စိတ်ကူးချိုချိုစာအုပ်တိုက်က ထုတ်ဝေထားတဲ့ ၂၇ ပုဒ်လည်းရှိပါတယ်။

စာရေးသူကိုယ်တိုင်ငယ်စဉ်က စုံထောက်ဝတ္ထုတွေကို ဖတ်ရင်းဖတ်ရင်း စာဖတ်ကျင့်ရလာခဲ့ပြီး အခြားသုတ၊ ရသစာမျိုးစုံကို ဆက်လက်ဖတ်ဖြစ်သွားတာပဲ။ စာကို ပထမများများဖတ်ဖြစ်အောင် စိတ်ဝင်စားစရာကောင်းတဲ့ စုံထောက်ဝတ္ထုတွေက အကျိုးပြုပါတယ်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလမှာ အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့အနီးရှိ ပါလက်တိုင်းဆိုတဲ့ရွာကလေးမှာ ခုနစ်လောင်းပြိုင်လူသတ်မှုတစ်ခုဖြစ်သွားခဲ့ပါတယ်။ အဲဒီရွာက Brown's Chicken ဆိုတဲ့ အမြန်စားစရာစားသောက်ဆိုင်က ဆိုင်ရှင်လင်မယားနဲ့ ဝန်ထမ်းငါးယောက် ညတစ်ညမှာ အသတ်ခံလိုက်ရတယ်။

ဖမ်းတဲ့အလုပ်က ရဲအလုပ်ဖြစ်ပေမယ့် စုံစမ်းရင်းစုံစမ်းရင်းနဲ့ ၁၅ နှစ်တောင်ကြာသွားခဲ့ပါတယ်။ အသေးစိတ်ကို ရှည်နေမှာစိုးလို့ မပြောတော့ပါ။ ၂၀၀၇ ခုနှစ်ရောက်လာတဲ့အခါမှမှ မှုခင်းဆေးသိပ္ပံပညာရှင်တစ်ယောက်က တရားခံလို့ယူဆရသူ ထိုညက စားလို့ကျန်ခဲ့တဲ့ ကြက်ကြော်တောင်ပံရိုးလေးကို DNA ဓာတ်ခွဲစစ်ဆေးပြီး အဲဒီဆိုင်ကလူခုနစ်ယောက်ကိုသတ်ပြီး အမေရိကန်ဒေါ်လာ ၂၀၀၀ လောက် လုယူသွားတဲ့ လူသတ်သမား တိတိကျကျကို ဖော်ထုတ်ဖမ်းမိခဲ့ပါတယ်။

ဒီအမှုကိုပေါ်အောင် (၁၅ နှစ်တောင်ကြာပြီးမှ) မမိ မိအောင် ဖော်ထုတ်နိုင်ခဲ့တဲ့ **ဆေးသိပ္ပံပညာရှင် ဒေါက်တာဟင်နရီလီ** (Dr.Henry C.Lee) ဆိုသူဖြစ်ပြီး နာမည်ကျော်သွားပါတယ်။ ဖန်တီးစိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းမဟုတ်ဘဲ ဒေါက်တာလီ ထောက်လှမ်းဖော်ထုတ်ခဲ့တဲ့အမှုတွေဟာ တကယ့်ဖြစ်ရပ်မှန် အဖြစ်အပျက်တွေအနေနဲ့ Youtube မှာ လူသိများပါတယ်။

ဒေါက်တာလီကို ၁၉၃၈ ခုနှစ် နိုဝင်ဘာလမှာ တရုတ်နိုင်ငံ ကျန်စူးပြည်နယ်မှာ မွေးဖွားခဲ့တယ်။ မွေးချင်း ၁၃ ယောက်ရှိရာ သူက ၁၁ ယောက်မြောက်။ လေးနှစ်အရွယ် မိသားစုက တရုတ်(တိုင်ပေ)သို့ ပြောင်းရွှေ့ရောက်ရှိ။ သူ ၁၁ နှစ်အရွယ်မှာ ဖခင်က သင်္ဘောနစ်မြုပ်လို့ ကွယ်လွန်သွားခဲ့တော့ သူ့အမေတစ်ယောက်တည်း သားသမီး ၁၃ ယောက်ကို ရှာဖွေကျွေးမွေးခဲ့တယ်။ သူတို့မောင်နှမ ၁၃ ယောက်စလုံး တက္ကသိုလ်ပါမောက္ခ၊ သိပ္ပံပညာရှင်၊ ဥပဒေပညာရှင်၊ အနုပညာရှင်၊ ဒီဇိုင်းပညာရှင်။ အားလုံးဟာ ဆေးသိပ္ပံပညာရှင်စုံထောက်လီလိုပဲ ဒေါက်တာတွေ ပီအိတ်ချ်ဒီတွေချည်းပဲတဲ့။

ဆင်းဆင်းရဲရဲနဲ့ ငယ်ဘဝဖြတ်သန်းခဲ့ရတဲ့ လီဟာ ရဲသင်တန်းတက်ပြီး ရဲတပ်သားအဖြစ် တရုတ်(တိုင်ပေ)မှာ ငါးနှစ်အမှုထမ်းခဲ့တယ်။ အဆင့်ဆင့်ရာထူးတက်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှာ အမေရိကန်ကို ရဲသင်တန်းတက်ဖို့ရောက်လာတယ်။ ယခု နှစ်ပေါင်း ၅၀ ကြာတဲ့အခါ ရဲစုံထောက်အငြိမ်းစား ဘဝ၊ အလွတ်စုံထောက် ဒေါက်တာလီရဲ့ စုံထောက်ဖြစ်ရပ်မှန်တွေကို ဆရာမ နိုင်းနိုင်းစနေဘာသာပြန်လို့ ဖတ်ကြည့်မိတယ်။

ပညာလိုချင်စိတ်ရှိသူတွေ ဖတ်ကြည့်ရင်း အားကျစရာပဲ။

0w Kwd @

# ထူးခြားဆန်းပြား လူဝင်စား

မင်းဇွေမင်း(တောင်ကုတ်)



(၁)

"အမယ်လေး"

"ဟဲ့ညီမလေးအေးမြိုင် ငါပါဟ အစ်ကိုကြီးထွန်းလေ"

"ရှင် အစ်ကိုကြီးထွန်း အမယ်လေး"

ညနေပိုင်းနေဝင်ရီတရောအချိန်တွင် အိမ်ခြံဝင်း တစ်ခုအတွင်းမှ အမျိုးသမီးတစ်ဦး၏ အလန့်တကြား အော်ဟစ်သံကြားလိုက်ကြရသဖြင့် ရွာအတွင်းမှ အိမ်နီးချင်းများ၊ လမ်းသွားလမ်းလာများက အသံကြားရာနေရာသို့ အပြေးအလွှားစုဝေးရောက်ရှိလာခဲ့ကြသည်။

"ဟာ လုပ် လုပ်ကြပါအုံးဗျာ ဟောဒီမှာကျွန်တော့်ညီမလေး အေးမြိုင် မေ့လဲသွားလို့ လာကြပါအုံးဗျို့"

"ဟင် စိန်ထွန်း မင်း မင်း စိန်ထွန်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ကိုကြီးသာအောင်ရယ်။ ကျွန်တော် စိန်ထွန်းပါဗျာ။ စိန်ထွန်းဟုတ်ပါတယ်"

"ဟေ ဒါဖြင့် မင်း ဘယ်လိုဖြစ်တာလဲကွာ။ မင်း မသေဘူးပေါ့နော်"

စိန်ထွန်းဟူသောအသံကိုကြားလိုက်ရသည်နှင့် အိမ်ပေါ်မှ ကိုစိန်ထွန်း၏ဇနီးနှင့် မိသားစုတို့ ပြေးဆင်းလာကြသလို အိမ်နီးချင်းများပါမကျန် ရွာတစ်ရွာလုံးနီးပါး အားလုံးဝိုင်းအုံရောက်လာကြသည်။

"ဟင် အစ်ကိုထွန်း အမယ်လေး အစ်ကိုထွန်းရယ် အဟင့် ဟင့်"

ကိုစိန်ထွန်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးခိုင်သည် အသက်မသေဘဲ ပြန်ရောက်လာသောခင်ပွန်းသည် ကိုစိန်ထွန်းကိုဖက်ပြီး အားပါးတရငိုချလိုက်သည်။ ကိုစိန်ထွန်းပွေ့ဖက်ထားသော ခယ်မလေးဖြစ်သူ မအေးမြိုင်မှာလည်း ဝိုင်းဝန်းပြုစုလှုပ်ယမ်းအော်ဟစ်ကြသည့် ဆူဆူညံညံအသံကြောင့် သတိမေ့မြောနေရာမှ ပြန်လည်နိုးထလာသည်။

"ညီမလေးအေးမြိုင် သတိရပြီနော်။ အမယ်လေး ညီမလေးရယ်။ ငါအစ်ကိုကြီးထွန်းလေဟာ။ သေသေချာချာကြည့်ပါအုံး"

"ဟယ် အစ်ကိုကြီးထွန်း။ အစ်ကိုကြီးထွန်း မသေဘူးပေါ့နော်"

"အို မသေပါဘူးဟာ။ မသေလို့ဘဲ ငါ ပြန်ရောက်လာတာပေါ့ကွာ"

"ဝမ်းသာလိုက်တာ အစ်ကိုကြီးထွန်းရယ်"

(၂)

ညနေဆည်းဆာအချိန်မှာ အမှောင်သန်းလာပြီဖြစ်၍ အိမ်ရှေ့ခန်း၌ ဘက်ထရီဖန်ချောင်းတစ်ချောင်းထွန်းလိုက်သည်။ ဖန်ချောင်းအလင်းရောင်ကြောင့် အိမ်ရှေ့လမ်းမထိ လင်းထိန်သွားသည်။ အိမ်ပေါ်တွင်ရော အိမ်ရှေ့လမ်းမတွင်ပါ လာရောက်သတင်းမေးကြသူများဖြင့် စည်ကားနေသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ရွာမှ သူငယ်ချင်းတစ်စုတို့ ကုန်ပစ္စည်းများတင်ဆောင်ကာ ရွက်လှေတစ်စီးဖြင့် ရခိုင်ကမ်းရိုးတန်း ဘင်္ဂလားပင်လယ်ဘက်သို့ ခရီးထွက်ခဲ့ကြသည်။ လမ်းခရီး၌ လေမုန်တိုင်းတိုက်ခတ်၍ လှေမှောက်ကာ ပင်လယ်ပြင်၌ ရေနစ်သေဆုံးခဲ့ပြီဟုသိရသော ကိုစိန်ထွန်းမှာ အသက်မသေဘဲ မျှော်လင့်မထားသည့်အချိန်တွင် မိမိအိမ်သို့ တိတ်တဆိတ်ဆိုက်ဆိုက်မြိုက်မြိုက်ပြန်လည်ရောက်ရှိလာခဲ့သဖြင့် ဝမ်းသာမှုထက် ထူးထူးဆန်းဆန်းအံ့ဩမှုက ပိုနေကြသည်။ တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်ကြသည်။ ဖြစ်ပျက်ပုံကလည်း အံ့ဩမကုန်နိုင်လောက်အောင် ဖြစ်ပျက်ခဲ့သည်။

နောက်ထပ် သည့်ထက်မက အဆပေါင်းများစွာ အံ့ဩထူးဆန်းနေသည်က ကိုစိန်ထွန်းတစ်ဖြစ်လဲ လူဝင်စားလေးမောင်စိန်ထွန်းကိစ္စ။ မောင်စိန်ထွန်းလေး နှစ်နှစ်မပြည့်မီ စကားတတ်ခါစအရွယ်မှစ၍ ယနေ့ သုံးနှစ်အရွယ်ထိ ကိုစိန်ထွန်း၏ နောက်ကြောင်းဖြစ်စဉ်များနှင့် ရေနစ်သေဆုံးသွားခဲ့ပုံများကိုပါ စီကာပတ်ကုံးမှန်မှန်ကန်ကန်ပြောဆိုနေခဲ့သည်။ ထို့ကြောင့်လည်း ကိုစိန်ထွန်းနှင့်အတူ ခရီးဖော်များအားလုံးကလည်း ယုံကြည်လက်ခံခဲ့ကြသည်။ ဇနီးသည် ဒေါ်အေးအေးခိုင်ကိုယ်တိုင်ကလည်း ယုံကြည်လက်ခံခဲ့ပြီး မောင်စိန်ထွန်းလေးအပေါ် အထူးချစ်ခင်နေခဲ့သည်။ အဝတ်အထည်မှစ၍ အစားအသောက်အဆုံး လိုလေသေးမရှိအောင် ပြုစုကျွေးမွေးပေးကမ်းနေခဲ့သည်။ တစ်ခါတစ်ရံ ညဥ့်အိပ်ညဥ့်နေ မိမိအိမ်သို့ ခေါ်ယူထားလေ့ရှိသည်။ ခင်ပွန်းသည်ကိုစိန်ထွန်း ဆုံးပါးခဲ့ပြီးနောက် လူဝင်စားလေးမောင်စိန်ထွန်းအပေါ် ချစ်မေတ္တာပုံအောခဲ့ရင်း အလွမ်းဖြေခဲ့ရသည်။ ဟော အခုတော့ ခင်ပွန်းသည် ကိုစိန်ထွန်းတစ်ယောက် အသက်မသေဘဲ မိမိအိမ်သို့ ပြန်ရောက်လာခဲ့သည်။ ယုံရတော့မည်လော။ လွန်ခဲ့သည့်လေးနှစ်ခန့်က ကိုစိန်ထွန်းနှင့်အတူ ရွာထဲက ခရီးသွားဖော်သုံး၊ လေးဦးတို့ ပင်လယ်ခရီးတစ်ခုကို ရွက်လှေတစ်စီးဖြင့် ကုန်ကူးသန်းသွားလာခဲ့ကြသည်။

လမ်းခရီးတွင် လေမုန်တိုင်းမိသဖြင့် လှေရော ကုန်ပစ္စည်းများပါ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ပင်လယ်ထဲတွင် ကိုစိန်ထွန်းနှင့်အတူ လှေသူကြီးဦးသိန်းမြလည်း ရေနစ်သေဆုံးခဲ့ရပြီး ခရီးဖော်သုံးယောက်သာ အခက်အခဲများစွာကျော်ဖြတ်ခဲ့ကြရပြီး အသက်မသေဘဲ ရွာသို့ ပြန်ရောက်လာခဲ့ကြသည်။ သေဆုံးသွားသူများအတွက် ပူဆွေးသောကဖြစ်ကြရပြီး ရွာသူ၊ ရွာသားများနှင့် ဇနီးသားသမီးမိသားစုများက ကုသိုလ်ကောင်းမှုအစုစုတို့ကို ကျင်းပပြုလုပ်ပေးပြီး အမျှအတန်းပေးခဲ့ကြပြီးဖြစ်သည်။

(၃)

ဤအဖြစ်အပျက်မှာ ကာလအားဖြင့် လေးနှစ်သက်တမ်းကို ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ အားလုံးမေ့မေ့ပျောက်ပျောက်ရှိနေခဲ့ကြပြီဖြစ်သည်။ သို့သော် ထူးခြားနေသည်က လူဝင်စားလေးမောင်စိန်ထွန်း။ ကိုစိန်ထွန်းဝင်စားသဖြင့် အားလုံးက စိန်ထွန်းလေးဟု ချစ်စနိုးခေါ်ကြသည်။ စိန်ထွန်းလေးကလည်း ကိုစိန်ထွန်းတို့မိသားစု၏အတွင်းရေးမှအစ ပင်လယ်ပြင်၌ သေဆုံးခဲ့ရသည့်အဖြစ်အပျက်များကိုပါ အချက်အလက်အပြည့်အစုံစီကာပတ်ကုံးပြောပြတတ်သည်။ မောင်စိန်ထွန်းလေး၏ပြောပြချက်များမှာလည်း မှန်ကန်မှုရှိသဖြင့် ကာယကံရှင်များအားလုံးက ယုံကြည်လက်ခံခဲ့ကြသည်။ ထို့ကြောင့် ယခု ကိုစိန်ထွန်းပြန်ရောက်လာ၍ တစ်ရွာလုံးက ထူးဆန်းအံ့ဩမှုဖြစ်နေကြသည်။

"အို ဒီကိစ္စ သွေးရိုးသားရိုးမှဟုတ်ရဲ့လားစိန်ထွန်းရာ။ ငါ မယုံနိုင်လောက်အောင် ဖြစ်နေပါရောလားကွာ"

"ဟာ ဘကြီးသာအောင်ကလဲဗျာ ကျွန်တော် စိန်ထွန်းမှ စိန်ထွန်းအစစ်ပါဗျာ။ ဟောဒီမှာ ကိုင်ကြည့်၊ ဆိတ်ကြည့် ရော့"

"ဟုတ်တယ်သူငယ်ချင်း ငါတို့ရွက်လှေမှောက်သွားတဲ့အချိန်မှာ မင်း ပင်လယ်ထဲမျောပါသွားတော့ ငါတို့ လိုက်ဆယ်ကြသေးတယ်။ မင်း ပင်လယ်အောက်မြုပ်ဆင်းသွားတော့လဲ ငါတို့ ရေငုပ်ပြီး ရှာကြသေးတယ်ကွ။ လုံးဝမတွေ့တော့မှပဲ လက်လျှော့ခဲ့ကြတယ်။ လှေသူကြီးကိုသိန်းမြကတော့ လေပြင်းတိုက်ပြီး လှေမှောက်သွားတဲ့အချိန်မှာ လွင့်စဉ်ကျလို့ ရေအောက်မြုပ်သွားတယ်။ ဘယ်လိုမှ ဆယ်မရလိုက်ဘူး။ မင်းကတော့ မြုပ်ချည်ပေါ်ချည်မျောသွားပြီးမှ ရေအောက်ကိုနစ်မြုပ်သွားတာကွ။ ငါတို့လဲ စိတ်မကောင်းဖြစ်ပြီး ငိုလိုက်ကြတာကွာ။ အခုတော့ မင်းက"

ခရီးသွားဖော်သူငယ်ချင်းဖြစ်သူကိုလှဆောင်က စကားပြောရင်း ဝမ်းနည်းစွာဖြင့် မျက်ရည်များစီးဆင်းလာသည်။ သူငယ်ချင်းအားလုံးမျက်ရည်ဝဲရသည်။ ဝမ်းသာ၍လော၊ ဝမ်းနည်း၍လောမသိတော့ပြီ။

"ကဲ. . . သူငယ်ချင်းတို့စိတ်မကောင်းမဖြစ်နဲ့တော့ကွာ။ မင်းတို့တာဝန်ကျေကြပါတယ်ကွာ။ ငါလဲ အခု မသေဘူးလေကွာ ပြန်ရောက်လာပြီပဲ။ ဟဲ ဟဲ ကံကောင်းလို့ပေါ့ကွာ။ အေး ဒါပေမဲ့ လှေသူကြီးဦးသိန်းမြအတွက်တော့ စိတ်မကောင်းပါဘူးကွာ"

(၄)

တစ်ရွာလုံးဝိုင်းအုံရောက်ရှိလာပြီး ကိုစိန်ထွန်းအိမ်၌ လူစည်ကားလျက်ရှိသည်။ ဤဖြစ်ရပ်ကြောင့် ကြားရသူတိုင်း မယုံနိုင်လောက်အောင်ဖြစ်ကြရသည်။ လာရောက်သတင်းမေးကြသူတိုင်း အမျိုးမျိုးပြောဆိုမေးမြန်းအံ့ဩသွားကြရသည်။ နောက်ဆုံးတော့ ငိုအားထက် ရယ်အားသန်ဆိုသလို တဝါးဝါးဖြင့် ပျော်ရွှင်သွားကြသည်။

"အေးကွာ သေကံမရောက်သက်မပျောက်ဆိုသလိုပေါ့ကွာ။ သေကံမရောက်သေးတော့ ပြန်ရောက်လာတာပေါ့။ မင်းတော်တော်ကံကြီးပါတယ်ကွာ။ အဲ နေပါအုံး မင်းရေထဲနစ်သွားပြီး ဘယ်ကိုရောက်သွားတာလဲ။ ဘယ်သူက ကယ်ထားပေးတာလဲ။ လေးနှစ်ကြာပြီးမှ ဘယ်လိုလုပ်ပြန်ရောက်လာခဲ့တာလဲ ရှင်းပြစမ်းပါအုံးကွာ စိန်ထွန်းရာ"

"အေးလေကွာ ငါလဲ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ငါသတိရလာတော့ ကျွန်းတစ်ကျွန်းပေါ်ကတဲတစ်လုံးထဲကို ရောက်နေတယ်။ အနားမှာလဲ အသက် ၆၀ ကျော်အရွယ် ရသေ့တစ်ပါးကိုတွေ့ရတယ်။ တစ်ကျွန်းလုံးမှာလဲ ဘယ်သူမှမရှိဘူး။ အဲဒီရသေ့နဲ့ ငါတို့နှစ်ယောက်ပဲရှိတယ်။ ရသေ့ကြီးက အသားမစား၊ ငါးလဲမစားဘူးပေါ့။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးသစ်ရွက်တွေကိုပဲစားတယ်။ သူဖော်စပ်ထားတဲ့ ဆေးလုံးတွေကျွေးတယ်။ အချိန်မှန်မှန်တရားထိုင်တယ်၊ တရားကျင့်တယ်။ ဆေးဥဆေးမြစ်တွေပါးပါးလီး နေပူလှန်းထောင်းပေးရတယ်။ ဆေးဖော်စပ်တယ်။ အချိန်တွေလဲ ဘယ်လိုကုန်သွားမှန်မသိဘူး။ အခု သူငယ်ချင်းတို့ ပြောပြမှပဲ လေးနှစ်လောက်ကြာခဲ့ပြီဆိုတာ သတိထားမိတာ။ ငါလဲ အိမ်ကိုသတိရတာနဲ့ ရသေ့ကြီးဆီမှာ အကြိမ်ကြိမ်ခွင့်တောင်းခဲ့ရတယ်။ အခုလဲ ရှင်ရသေ့ကြီး စီစဉ်ပေးလိုက်လို့ လှေကြုံနဲ့ ဘယ်လိုကနေ ဘယ်လိုရောက်လာမှန်း မသိတော့ဘူးသူငယ်ချင်းရာ။ အခု ပြန်လိုက်ပြပါဆိုရင်တောင် ပြန်တတ်မှာမဟုတ်ဘူး။ မျက်စိလည်နေတယ်ကွာ။ အင်း ထူးဆန်းတာကတော့ တကယ်ထူးဆန်းတယ်ကွာ။ ငါလဲ မပြောတတ်တော့ဘူး။ အိပ်မက်မက်နေသလိုပဲကွာ"

ကိုစိန်ထွန်းက အကြောင်းစုံပြောပြနေရင်း ငိုသံပါလာသည်။

"ကဲပါသူငယ်ချင်းရာ ဒါတွေထားလိုက်ပါတော့ မင်းလဲ မမှတ်မိဘူးဆိုတော့။ ဒီလိုကွ မင်းနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုပေါ်နေတယ်။ တော်တော်ထူးဆန်းတယ်ကွ"

"ဟင် ဘာလဲ ဘာတွေထူးဆန်းနေပြန်ပြီလဲကွာ"

ကိုစိန်ထွန်းက အလန့်တကြားအော်မေးလိုက်သည်။

"ဒီလိုကွ ငါပြောပြမယ်။ ငါတို့လဲ လေမုန်တိုင်းမိလို့ လှေမှောက်ပြီး အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်နေခဲ့ရပြီးတဲ့နောက် ကျေးဇူးရှင်ရွက်လှေတစ်စီးနဲ့တွေ့လို့ ရွာကိုပြန်ရောက်ခဲ့ကြရတယ်။ ရွာကိုပြန်ရောက်တော့ မင်းတို့ရေနစ်သေဆုံးသွားကြောင်း အဖြစ်အပျက်အစုံအလင်ကိုပြောပြပြီး သက်ပျောက်ဆွမ်း၊ ရက်လည်သပိတ်ဆွမ်းကျွေးအမျှဝေခဲ့ကြတယ်ပေါ့ကွာ။ အဲဒီနောက် မကြာခင်မှာပဲ အင်း တစ်နှစ်လောက်အကြာမှာပေါ့ကွာ။ ရွာအထက်ပိုင်းမှာ လူဝင်စားလေး

စာမျက်နှာ ၂၅သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၈၂၁ ဧက စိုက်ပျိုးလျက်ရှိ



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို စိုက်ပျိုးလျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို နိုဝင်ဘာလတတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနှမ်း ၈၂၁ ဧကကို စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများ၏ လယ်မြေများထဲ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးသွားမဲ့သီးနှံတွေထဲက သီးနှံတစ်မျိုးဖြစ်တဲ့ ဆီထွက်သီးနှံနှမ်းကို စတင်စိုက်ပျိုးနေပြီဖြစ်ပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ကို ဆောင်ရွက်ပေးထားပါတယ်။ နိုင်ငံတော်ရဲ့ ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းတဲ့အနေနဲ့ လာမဲ့ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနှမ်းကို ပိုမိုလျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ဆီတွေ စားသုံးနိုင်ဖို့နဲ့ ဆီလိုအပ်ချက်ဖြည့်ဆည်းဖို့အတွက် သက်ဆိုင်ရာဌာနအသီးသီးက ဆောင်ရွက်နေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။ **ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ထန်းပင်ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေချေးကျေးရွာအုပ်စု ထန်းပင်ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက ထန်းပင်ချိုင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းပင်ချိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား ၁၁၁ ဦးကို ငွေကျပ် ၃၂ ဒသမ ၁ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နတ်မောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၉ ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကြောင်းဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍သိရသည်။ **သော်သော်**

➤ စာမျက်နှာ ၂၄မှအဆက်

မောင်စိန်ထွန်းဆိုပြီး မင်းကိုယ်စားလူဝင်စားပေါ်လာတယ်။ မင်းရေနစ်သေဆုံးခဲ့ပုံ၊ လေမုန်တိုင်းကြောင့် ရွက်လှေမှောက်ပြီး ပင်လယ်ထဲမှာ မျောပါသွားခဲ့ရပုံ၊ သေဆုံးခဲ့ရပုံတွေကို စီကာပတ်ကုံးအကုန်လုံး ပြောပြနိုင်တယ်ကွသိလား"

သူငယ်ချင်းများက အကြောင်းစုံကို ပြန်လည်ပြောပြနေစဉ် ကိုစိန်ထွန်း၏ဇနီးကလည်း ဤသို့ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်တယ်အစ်ကိုထွန်း။ အခု အဲဒီကလေးက သုံးနှစ်လောက်ရှိပြီ။ စကားသိပ်တတ်တာပဲသိလား။ ချစ်ဖို့လဲကောင်းတယ်။ အစ်ကိုထွန်း ရေထဲမျောသွားပြီး ပင်လယ်ထဲနစ်သွားတဲ့အကြောင်း၊ ပြီးတော့လဲ အေးရဲ့လက်ကိုဆုပ်ကိုင်ပြီး သူ့ရဲ့မိန်းမဖြစ်ကြောင်း၊ ညီမလေးအေးမြိုင်ကိုလဲ သူ့ရဲ့ခယ်မလေးဖြစ်ကြောင်း၊ ပြီးတော့ သူနဲ့အတူခရီးသွားခဲ့ကြတဲ့ ကိုစန်းအောင်တို့၊ ကိုသန်းလှိုင်တို့ရဲ့နာမည်တွေကိုပါ အားလုံးပြောပြနိုင်တယ်။ ပြီးတော့ ရှိသေးတယ်။ လှေသူကြီးဦးသိန်းမြက လှေမှောက်သွားလို့ အဝေးကိုလွင့်စဉ်ကျပြီး ရေနစ်သေဆုံးခဲ့ရတဲ့အကြောင်းကအစ တိတိကျကျပြောပြတယ်။ သိပ်အံ့သြဖို့ကောင်းတယ်အစ်ကိုထွန်းရယ်"

ကိုစိန်ထွန်း၏ဇနီးဒေါ်အေးအေးခိုင်က ရွာထဲက လူဝင်စားမောင်စိန်ထွန်းလေးအကြောင်းကို အသေးစိတ် စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြောပြနေသည်။

"ဟုတ်လား ကဲ. . . ဒီလိုဆိုရင် အဲဒီကလေးဆီကို သွားကြရအောင်ကွာ။ ကဲ. . . ထ အခုပဲသွားကြမယ်"

ကိုစိန်ထွန်းက စိတ်ဝင်စားစွာဖြင့် မတ်တတ်ထရပ်လိုက်ပြီး သူငယ်ချင်းများနှင့် ရွာသားတချို့တို့လိုက်ပါသွားကြသည်။ ရွာအထက်ပိုင်းက လူဝင် စားမောင်စိန်ထွန်းလေးတို့အိမ်သို့ ရောက်သွားကြသည်။

(၅)

"ဟေ့ မခင်သိန်းရေ စားပြီးကြပြီလား။ ဒီမှာ ဧည့်သည်တွေပါတယ်ဟေ့။ ဝင်လာခဲ့မယ်နော်"

"ဩော်. . . ဦးလေး ဦးစန်းအောင်တို့ပါလား။ လာကြ ဝင်ကြလေ။ ဘာထူးလို့လဲဟင်ဦးလေး"

"ဒီမှာလေဟာ စိန်ထွန်းလေ။ နင့်သားလေး ပြောပြောနေတဲ့ စိန်ထွန်းလေဟာ။ မသေဘဲ ပြန်ရောက်လာလို့ဟ။ နင့်သားလေးကော ဘယ်မှာလဲ"

မောင်စိန်ထွန်းလေးမှာ အိမ်နောက်မီးဖိုခန်း၌ ဆော့ကစားနေရာမှ ဧည့်သည်များအသံကြား၍ အိမ်ရှေ့ခန်းဘက်သို့ ပြေးထွက်လာသည်။

"ဟေ့ ဘယ်သူလဲကွ။ စိန်ထွန်းဝင်စားတယ်ဆိုတာ ဘယ်မှာလဲကွဟေ။ ဟဲ ဟဲ သားလေးလား ဦးဆီလာပါအုံးကွ။ ဦးက စိန်ထွန်းလေကွာ"

ကိုစိန်ထွန်းက အိမ်ရှေ့ခန်းဘက်သို့ပြေးထွက်လာသော သားသားလေးကို အသံအော်ကျယ်ဖြင့် နောက်ပြောင်ပြောဆိုလိုက်သည်။ သားလေးမှာ ကိုစိန်ထွန်း၏နောက်ပြောင်အော်ပြောသံကြောင့် ပြေးလာရင်းရပ်တန့်သွားပြီး ငေးကြောင်နေသည်။ မည်သို့မျှမပြောဘဲ ဧည့်သည်များကို ကြည့်ကာ အချိန်အတန်ကြာရပ်နေပြီးမှ ကြမ်းပြင်သို့ ပျော့ခွေလဲကျသွားတော့သည်။

"ဟာ စိန်ထွန်းလေး သား သားလေးစိန်ထွန်းလေး"

ဧည့်သည်များနှင့် သူ့မိခင်ကပါ အမျိုးမျိုးပြုစုလုပ်ကျွေးအော်ခေါ်ကြသည်။ အားလုံးဗျာယာခတ်သွားကြသည်။ အချိန်အတန်ကြာမှ ကလေးက ပြန်လည်သတိရလာပြီး အားပါးတရငိုချနေလိုက်သည်။

"အဟီး မေမေကြီး ဟီး ဟီး"

အမျိုးမျိုးချော့ကြသည်။ မိခင်မခင်သိန်းကပွေ့ဖက်ပြီး မတ်တတ်ရပ်လျက်ချော့နေလိုက်သည်။ အငိုတိတ်သွားသည်။

ကလေးကိုချော့မြူကာ ကိုစိန်ထွန်းအကြောင်းမေးမြန်းကြ၊ စကြနောက်ကြသည်။ မည်သို့မျှပြန်မပြောတော့ပါ။ ထိုနေ့ထိုအချိန်မှစ၍ ကိုစိန်ထွန်းအကြောင်း၊ သေဆုံးသွားသူလှေသူကြီးဦးသိန်းမြအကြောင်း အစဖော်ပြောပြကြ၊ မေးကြမြန်းကြသော်လည်း လူဝင်စားစိန်ထွန်းလေးမှာ ထိုအကြောင်းအရာနှင့်ပတ်သက်၍ လုံးဝမပြောတော့ပါ။ မသိချင်ယောင်ဆောင်က ငေးကြောင်ပြီးရယ်ပြုံး၍သာနေလိုက်တော့သည်။ ထိုနေ့မှစ၍ လူဝင်စားလေးမောင်စိန်ထွန်းတစ်ယောက် လူဝင်စားအဖြစ်မှ ကျွတ်လွတ်ကွယ်ပျောက်သွား၍ ပုံမှန်လူသားဘဝသို့ ပြန်လည်ရောက်ရှိလေတော့သည်။ ထူးခြားဆန်းပြားလူဝင်စားအဖြစ် အများစိတ်ဝင်စားလူသိများခဲ့ကြသည့် တကယ့်ဖြစ်ရပ်မှန်အမှတ်တရဇာတ်လမ်းလေးတစ်ခုပင်ဖြစ်ပေသည်။

## ပြည့်ဂုဏ်ရောင်

\- ကြည်သဒ္ဓါ စိတ်ရွှင်လန်းပါလို့
လှူဒါန်းကြများသူငါ၊
တိုင်းမြန်ပြည် မြတ်ဓလေ့နှင့်
ချမ်းမြေ့ပျော်စွာ၊
မြတ်ဗုဒ္ဓ ဒေသနာ
မြေကမ္ဘာ မြဲတည်တံ့၊
နာကြားသူ မြန်မာမျိုးရယ်
သာဖြိုးမြေသန့်။

\- တိုင်းမြန်ပြည် မြေအနှံ့
ဝေဖြန့်လို့ ခမ်းနားသည်၊
ကျောင်းစေတီ သပ္ပာယ်လှ
များပြားကြတည်၊
ကွန်းခိုရိပ် ချမ်းမြေ့မည်
တိုင်းမြန်ပြည် နယ်တစ်ကြော၊
ဘေးရန်ကာ အလှစစ်နှင့်
ထွန်းသစ်ရှုမော။

\- ကြေးစည်သံ လေလွင့်မျှောပါလို့
အေးချမ်းသော နိမိတ်ဆောင်၊
တိုင်းမြန်ပြည် တစ်မိသားရယ်နှင့်
ပြည့်ပွားပြည်ထောင်၊
ဖြူ စိတ်ဝမ်း ညီနှင့်နောင်
ပြည့်ဂုဏ်ရောင် ဘုန်းတန်ခိုး၊
မြို့တောရွာ အလှဝိုင်းတယ်
တိုင်းနယ်ဖွံ့ဖြိုး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ပုတာအိုမြို့နယ် ဖတ်မာဒီကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပုတာအို ဒီဇင်ဘာ ၅**

ကချင်ပြည်နယ် ပုတာအိုခရိုင် ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဖတ်မာဒီကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ခရိုင်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးကော်မတီဝင်များ၊ ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဖတ်မာဒီကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က ကျွမ်းကျင်တာဝန်ခံ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖတ်မာဒီကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၀၉ သန်းဖြင့် အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် သဲကျောက်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ခြောက်ပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ခြောက်ပေရှိ Box Culvert တစ်စင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် နှစ်ပေရှိ ကွန်ကရစ်ရေမြောင်း သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို Jaw Bum Beauty ကုမ္ပဏီက အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# မြောက်အိုင်ယာလန်နိုင်ငံရှိ ကလာဒီမြစ်ရေညစ်ညမ်းမှုကြောင့် ငါးမျိုးစိတ်များသေဆုံး



**ဒပ်ဘလင် ဒီဇင်ဘာ ၅**

မြောက်အိုင်ယာလန်နိုင်ငံ ကလာဒီမြို့ရှိ ကလာဒီမြစ်ရေညစ်ညမ်းမှုကြောင့် ငါးမျိုးစိတ်များ သေဆုံးခဲ့ရပြီးနောက် ရေထုအရည်အသွေး စောင့်ကြည့်ရေးအဖွဲ့အစည်းက စုံစမ်းစစ်ဆေးမှုအရ ကလာဒီမြစ်ရေညစ်ညမ်းမှုဖြစ်ပေါ်လာခြင်းမှာ ကလာဒီမြစ်အနီးတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများကြောင့်ဖြစ်ကြောင်း မြောက်အိုင်ယာလန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု NIW သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

စုံစမ်းစစ်ဆေးမှုအရ ကလာဒီမြစ်ရေညစ်ညမ်းခဲ့ရသည့် အဓိကတရားခံမှာ အသက် ၄၀ အရွယ် ရစ်ချက်မူဟော်လန်ဖြစ်ပြီး ဒဏ်ကြေးငွေအဖြစ် စတာလင်ပေါင် ၅၀၀ ပေးဆောင်ရန် မြောက်အိုင်ယာလန်တရားရုံးက စီရင်ချက်ချမှတ်ခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်စဉ် ဓာတ်မြေဩဇာများအလွန်အကျွံသုံးစွဲခြင်းကြောင့် ကလာဒီမြစ်ရေထုညစ်ညမ်းခဲ့ရခြင်းဖြစ်ပြီး အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားပါက ပို၍ကြီးလေးသော ပြစ်ဒဏ် ချမှတ်သွားမည်ဖြစ်ကြောင်း မြောက်အိုင်ယာလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက တောင်သူများအား သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ကလာဒီမြစ်အတွင်း ငါးမျိုးစိတ်တွေ သေဆုံးမှုနဲ့ပတ်သက်ပြီး ကလာဒီမြစ်ရေကို ဓာတ်ခွဲခန်းအတွင်းမှာ စမ်းသပ်မှုတွေပြုလုပ်တော့ အဆိပ်သင့်စေတဲ့ ဓာတ်တွေ၊ အဆိပ်ရှိတဲ့ဓာတ်တွေနဲ့ တခြားရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေတဲ့ ဓာတုပစ္စည်းတွေ ရောနှောနေတာတွေ့ရတယ်။ ဓာတုပစ္စည်းတွေကြောင့် အခုလိုငါးမျိုးစိတ်တွေ သေဆုံးခဲ့တာဖြစ်တဲ့အတွက် လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ အဓိက တာဝန်ရှိတဲ့တောင်သူတွေကို ခေါ်ယူစစ်ဆေးကြည့်တော့ ရစ်ချက်မူဟော်လန်အမည်ရှိတဲ့ တောင်သူရဲ့ လုပ်ဆောင်မှုတချို့ကြောင့်ဆိုတာ သိလာရတယ်။ သေဆုံးခဲ့တဲ့ငါး ၁၃၆ ကောင်ထိရှိခဲ့ပါတယ်"ဟု ရေထုအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်ထုတ်ပြန်

**ဝါရှင်တန် ဒီဇင်ဘာ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှု မြင့်မားခြင်းကြောင့် အသက်ရှူရခက်ခဲခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းတို့အပြင် စိတ်ဓာတ်ကျခြင်းနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်လာသည်ဟု ကမ္ဘာ့ဘဏ်၏ ဒီဇင်ဘာ ၄ ရက်က ထုတ်ပြန်သော အစီရင်ခံစာသစ်အရသိရကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လေထုညစ်ညမ်းမှုကြောင့် ထပ်မံပေါ်ပေါက်လာသောရောဂါနှင့် အဖြစ်အပျက်များဟု အမည်ပေးထားသော အဆိုပါကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်၌ ဒါကာမြို့နှင့်ဆဲလက်မြို့တို့တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် သက်ရောက်မှုများကို အကဲဖြတ်သုတေသနပြုခဲ့ပြီး ငါးနှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါကဲ့သို့ ရောဂါခံစားနေကြရသူများ၊ နှလုံး သို့မဟုတ် အသက်ရှူ လမ်းကြောင်းဆိုင်ရာ အခြေအနေများသည် ထိခိုက်မှုအရှိဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ကျန်းမာရေးကဏ္ဍအပေါ် လေထုညစ်ညမ်းမှု၏သက်ရောက်လာမှုကို လျှော့ချရန်အတွက် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများနှင့် တုံ့ပြန်မှုယန္တရားများ ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ခြင်း၊ လေထုညစ်ညမ်းမှုဆိုင်ရာအချက်အလက်များကို စောင့်ကြည့်ရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်း၊ ကြိုတင်သတိပေးသည့် စနစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် နောက်ထပ်သုတေသနပြုခြင်းများ ဆက်လက်ဆောင်ရွက်သင့်သည်ဟု အစီရင်ခံစာတွင် အကြံပြုထားကြောင်း သိရသည်။

အစီရင်ခံစာ၏အဆိုအရ ဒါကာမြို့တော်ရှိ အဓိကဆောက်လုပ်ရေးလုပ်ငန်းများနှင့် အသွားအလာများသောနေရာများတွင် လေထုညစ်ညမ်းမှုအမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားပြီး အဆိုပါနေရာများတွင် ကျန်းမာရေးကို အန္တရာယ်အရှိဆုံးဟု ယူဆရသည့်အမှုန်အမွှား(P.M 2.5) သိပ်သည်းမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် WHO Air Quality Guidelines (AQG) ထက် ပိုမိုများပြားနေပြီး ပျမ်းမျှ ၁၅၀ ရာခိုင်နှုန်းကျော်ရှိရာ တစ်နေ့လျှင် လူတစ်ဦး စီးကရက် ၁ ဒသမ ၇ လိပ်သောက်ခြင်းကြောင့် ကျန်းမာရေးထိခိုက်စေမှုနှင့် ညီမျှကြောင်း သိရသည်။ AZH

# အင်ဒိုနီးရှားနိုင်ငံ ဆီမီရူမီးတောင်ပေါက်ကွဲမှုကြောင့် ဂျပန်နိုင်ငံတွင် ဆူနာမီသတိပေးချက်ထုတ်ပြန်

**တိုကျို ဒီဇင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၁၁ နာရီ ၁၈ မိနစ်က ဆီမီရူမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ဂျပန်နိုင်ငံတွင် ဆူနာမီလှိုင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု JP Times သတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆူနာမီလှိုင်းသည် ဂျပန်နိုင်ငံ မိယာကိုကျွန်းနှင့် ယာအီယာမာကျွန်းတွင် ဖြစ်ပေါ်လာဖွယ်ရှိနေပြီး ဂျပန်မိုးလေဝသအေဂျင်စီက ဆူနာမီလှိုင်းအခြေအနေကို စောင့်ကြည့်နေကာ ထူးခြားမှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေကြောင်း၊ ဆီမီရူမီးတောင်ပေါက်ကွဲမှုအားပြင်းထန်ခဲ့သလို မီးတောင်အတွင်းမှ ချော်ရည်ငွေ့များသည် မီးတောင်မှ ကောင်းကင်အထက် မီတာ ၅၀၀၀ ထိ ပျံ့နှံ့ရောက်ရှိနေပြီး မီးတောင်ပေါက်ကွဲမှုအခြေအနေကိုလည်း အရေးပေါ်အခြေအနေအဖြစ် အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးတောင်နှင့် ငါးကီလိုမီတာအကွာတွင် နေထိုင်သော ဒေသခံများကိုလည်း အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်။



"မီးတောင်ပေါက်ကွဲမှု အားပြင်းထန်တဲ့အတွက် မီးတောင်အနီးပတ်ဝန်းကျင် ငါးကီလိုမီတာမှာနေထိုင်တဲ့ ဒေသခံတွေကို အရေးပေါ်ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု အရှေ့ဂျာဗားကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ သိုရီကွယ်က ပြောကြားခဲ့သည်။

"အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းမှာ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုနောက်ဆက်တွဲပြဿနာအနေနဲ့ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ပါတယ်။ အိုကီနာဝါစီရင်စုအနီးမှာရှိတဲ့ မိယာကိုကျွန်းနဲ့ ယာအီယာမာကျွန်းမှာ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်တဲ့လက္ခဏာတွေဖြစ်ပေါ်နေပါတယ်"ဟု ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။ **ခိုင်းဆက်**

# တောင်အာဖရိကနိုင်ငံ Jukskei မြစ်တစ်လျှောက် ရေလွှမ်းမိုးမှုကြောင့် လူ ၁၄ ဦးသေဆုံး

**ဂျိုဟန်နက်စ်ဘတ် ဒီဇင်ဘာ ၅**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ရှိ Jukskei မြစ်တစ်လျှောက် ရုတ်တရက်ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ပြီး မြစ်ကမ်းအနီးကျင်းပလျက်ရှိသော ဘာသာရေးပွဲတော်တစ်ခုမှလူများ ရေနှင့်မျောပါသဖြင့် လူ ၁၄ ဦးသေဆုံးပြီး ပျောက်ဆုံးနေသူတချို့ကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဂျိုဟန်နက်စ်ဘတ်အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားခဲ့သည်ဟု ဒီဇင်ဘာ ၄ ရက်တွင် VOA သတင်းဌာနက ဖော်ပြထားသည်။

အရေးပေါ်ကယ်ဆယ်ရေးဌာန၏အဆိုအရ သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများသည် ဒီဇင်ဘာ ၃ ရက်က မြစ်ကမ်းတစ်လျှောက် ဘာသာရေးထုံးတမ်းစဉ်လာပွဲတစ်ခုကို ကျင်းပနေသူများဖြစ်ကြောင်း၊ ကယ်ဆယ်ရေး လုပ်သားများက ထိုနေ့တွင်ပင် သေဆုံးသူ ၁၁ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ယနေ့ထိ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက မိုးရွာသွန်းမှုကြောင့် Jukskei မြစ်ထဲမှာ ရေတွေပြည့်နေခဲ့တာပါ။ အထူးသဖြင့် ဒီလိုမျိုး ထုံးတမ်းစဉ်လာတွေကို ကျင်းပသူတွေအနေနဲ့ မြစ်ချောင်းတွေရဲ့ ရေလွှမ်းမိုးနိုင်မှုအခြေအနေကို အမြဲသတိထားကြဖို့ သတင်းစကားပါးချင်ပါတယ်"ဟု အရေးပေါ်ကယ်ဆယ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Robert Mulaudzi က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

တောင်အာဖရိက၏ မိုးရာသီတွင် ရေကြီးရေလျှံမှုများကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသော အဆိုပါမြစ်အတွင်း သို့မဟုတ် မြစ်အနီးအနားတွင် ဘာသာရေးအခမ်းအနားများ ကျင်းပခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များက အစောပိုင်းကတည်းက သတိပေးချက်ထုတ်ပြန်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ AZH

# ထရီနီဒတ်နိုင်ငံ ဘမ်ဘူးဒေသ ရေဘေးသင့်ပြည်သူများကို နေရပ်သို့ပြန်ခွင့်ပြု

**နျူကျူရာလိုဗာ ဒီဇင်ဘာ ၅**

ထရီနီဒတ်နိုင်ငံ ဘမ်ဘူးဒေသတွင် ဒီဇင်ဘာ ၁ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေဘေးအန္တရာယ်ကြောင့် လူနေအိမ်ခြေ ၇၇ လုံးပျက်စီးခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရာ ဒီဇင်ဘာ ၃ ရက်တွင် ရေဘေးအန္တရာယ်အခြေအနေ တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်သည်ဟု ထရီနီဒတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Guardian သတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဘမ်ဘူးဒေသခံများသည် နေရပ်သို့ ပြန်နိုင်ခဲ့ပြီးနောက် ပျက်စီးခဲ့သည့် ၎င်းတို့၏ နေအိမ်များကို မိမိတို့အစီအစဉ်ဖြင့်သာ ပြန်လည်မွမ်းမံနေရကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းကလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပါဝင်ကူညီပေးသွားမည်ဟု ထုတ်ပြန်ခဲ့ပြီး ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများအား ဦးစားပေး ပြင်ဆင်မွမ်းမံပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။ အချို့သော ဒေသခံများမှာ ငွေကြေးအခက်အခဲကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိနေသည့်အတွက် သန့်ရှင်းရေးအပိုင်းတစ်ခုတည်းကိုသာ ဆောင်ရွက်နိုင်သည့်အခြေအနေဖြစ်သည်။

"၂၀၁၈ ခုနှစ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့တုန်းက ကျွန်မပိုင်ဆိုင်တာတွေကိုဆုံးရှုံးခဲ့ရဖူးတယ်။ အဲဒီတုန်းကကျန်ခဲ့တဲ့ဟာတွေ အခုရေကြီးရေလျှံမှုမှာ အားလုံးပါသွားပြီ။ ပျက်စီးသွားတဲ့အိမ်ကို ပြန်လည်ပြင်ဆင်ဖို့ အခက်အခဲတွေရှိနေပါတယ်။ ကျွန်မလုပ်နိုင်တာကတော့ သန့်ရှင်းရေးပြန်လုပ်ဖို့ပါပဲ"ဟု ဘမ်ဘူးဒေသခံ ဝန်ထမ်းအငြိမ်းစားဖြစ်သူ ဂေါ်လင်ရမ်ဆင်ဟက်က ပြောကြားခဲ့သည်။

"ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဘမ်ဘူးဒေသက ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုလိုက်ပါပြီ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်ပေးသွားပါမယ်။ အခက်အခဲတွေရှိနေတဲ့ ပြည်သူတွေကိုလဲ ကူညီပံ့ပိုးမှုတွေပြုလုပ်သွားဖို့ စီစဉ်နေပါတယ်"ဟု ထရီနီဒတ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ပညာရတနာ ကြိုးစားရှာ

## မန္တလာပြေ

- ပညာသည်သာ
  အရာရာ
  လိုရာအောင်ကြောင်းမှတ်။
- အတတ်ဟူသမျှ
  လူ့လောက
  သင်ရမည်သာ ပညာဝါ။

(ပညာဝါ-ပညာရှိ)
(မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်ကြီး)
(မြန်မာသက္ကရာဇ် ၁၇၅၃-၁၈၂၁)
ငါးရာငါးဆယ်ဇာတ်ဝတ္ထုမှ

**ပညာဟူသည်**

ပညာဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်။ အတတ်။(ပါ၊ ပညာ) ဟူ၍ဖွင့်ဆိုထားသည်။ **ပညာ** ဟူသော ဝေါဟာရကို စကားလုံးတစ်လုံးချင်းလည်း သုံးပါသည်။ **ဉာဏ်** ဟူသော ဝေါဟာရနှင့်ယှဉ်တွဲ၍ **ပညာဉာဏ်** ဟူ၍လည်း သုံးလေ့ရှိသည်။ ဤတွင် **ဉာဏ်**ဟူသော ဝေါဟာရကို သိမြင်တတ်သောတရား၊ အသိတရား၊ ပညာ(ပါ၊ ဉာဏ)ဟူ၍ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ ပညာ၌ခွဲခြား သိမြင်နိုင်သော၊ သိမြင်တတ်သောအသိတရားပါရှိသည်။ ခွဲခြားသိမြင်သော အသိတရားနှင့်ယှဉ်သည့် အတတ်လည်း ပါရှိနေပေသည်။

ထို့ပြင် **အသိ**ဟူသောဝေါဟာရကို ဆင်ခြင်တတ်မှု၊ နားလည်မှုဟူ၍လည်းကောင်း၊ **အသိပညာ**ကို ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေရသော ပညာဟူ၍လည်းကောင်း ဖွင့်ဆိုထားသည်။ တစ်ဖန် **အတတ်**ဟူသောဝေါဟာရကို နှုတ်မှုလက်မှုစွမ်းရည်၊ **အတတ်ပညာ**ကို နှုတ်မှုလက်မှုပညာဟူ၍ ဖွင့်ဆိုထားသည်။ **အနုပညာ**ကို ဂီတ၊ ပန်းချီ၊ စာပေ စသော သိမ်မွေ့ထက်မြက်သော ပညာရပ်ဟူ၍ဖွဲ့ဆိုထားသည်။ ပညာကို အသိပညာ၊ အတတ်ပညာ၊ အနုပညာ၊ သုခုမပညာ အစရှိသဖြင့် အတွဲလိုက်လည်း သုံးလေ့ရှိကြောင်း တွေ့ရှိရပါသည်။

**ရတနာဟူသည်**

**ရတနာ** ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သော အရာ။ နှစ်သက်တန်ဖိုးထားသော သားသမီး၊ ဆင်မြင်းစသည်။ ပတ္တမြား စသည့်အမျက်ကျောက်(ပါ၊ ရတန) ဟူ၍ ဖွင့်ဆိုထားသည်။

ရတနာဟူရာ၌ **လောကုတ္တရာရတနာ**နှင့် **လောကီရတနာ**ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ **လောကုတ္တရာရတနာများ**မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟုဆိုသော ရတနာမြတ်သုံးပါးပင်ဖြစ်သည်။

**လောကီရတနာ**ကို သက်ရှိ သတ္တဝါရတနာနှင့် သက်မဲ့ပစ္စည်းရတနာဟူ၍ နှစ်မျိုးခွဲခြားထားသည်။ သက်ရှိသတ္တဝါရတနာများမှာ သားရတနာ၊ သမီးရတနာ၊ ဆင်ရတနာ၊ မြင်းရတနာတို့ဖြစ်သည်။

တစ်ဖန် သက်မဲ့ပစ္စည်းရတနာ၌ **ရတနာရနံ့ပါး** ဟု ခေါ်ဆိုသော ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကြောင်၊ စိန်နှင့် သန္တာတို့ပါရှိပြီး **ရတနာကိုးပါး(ဝါ) နဝရတ်ကိုးသွယ်**အနေဖြင့် နီလာ၊ စိန်၊ ကြောင်၊ မြ၊ ဂေါ်မိတ်၊ ဥဿဖရား၊ သန္တာ၊ ပတ္တမြားနှင့် ပုလဲတို့ပါရှိကြောင်း လေ့လာသိရှိရသည်။

**ပညာရတနာဟူသည်**

**ပညာရတနာ**ဟူသော ဝေါဟာရ၏ဖွင့်ဆိုချက်ကို မြန်မာအဘိဓာန်တွင် မတွေ့ရပေ။ **ပညာရတနာ** ဟူသော ဝေါဟာရမှာလည်း **ပညာဉာဏ်** ကဲ့သို့ပင် **ပညာ**ဟူသော ဝေါဟာရနှင့် **ရတနာ**ဟူသောဝေါဟာရတို့ကို ယှဉ်တွဲသုံးထားခြင်းဖြစ်မည်ဟု ထင်မြင်ယူဆမိပါသည်။ အဆိုပါဝေါဟာရနှစ်ခုကို ယှဉ်တွဲပေါင်းစပ်ယူပါက **ပညာရတနာ**ဆိုသည်မှာ နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကောင်းသော အသိဉာဏ်၊ အတတ်ဟူ၍ ဖွင့်ဆိုရမည်ဟု ယူဆမိပါသည်။

**ပညာရွှေအိုး လူမခိုး** ဟူသော ဆိုစကားကို ထောက်ရှုခြင်းအားဖြင့် ပညာရွှေအိုးဟူသောဝေါဟာရသည် ပညာနှင့် ရွှေအိုးကိုယှဉ်တွဲဖော်ပြထားပြီး ပညာဟူသည် ရွှေအိုးကြီးကဲ့သို့ တန်ဖိုးရှိသည့် လူမခိုးနိုင်သောအရာဟု ဆိုလိုရာရောက်ပါသည်။

**လူ့လောကတွင် ပညာအရေးပါပုံ**

ပညာအရေးပါပုံနှင့်စပ်လျဉ်းသော ရှေးပညာရှိတို့၏ ဆုံးမစာများစွာရှိသည့်အနက် မန်လည်ဆရာတော်ကြီး(မြန်မာသက္ကရာဇ် ၁၂၀၃-၁၂၈၂)၏ မဟာသုတကာရီမဃဒေဝလင်္ကာသစ်တွင်ပါရှိသည့် ကဗျာလင်္ကာကို ဦးစွာတင်ပြလိုပါသည်။

- မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏။
- ပညာရှိမှ၊ မြင်သိရေးရာ၊ အဖြာဖြာ၌၊ လိမ္မာသောအား၊ တော်ဖြောင့်သား၍၊ အများသုခ၊ ချမ်းသာကြ၏။

❖ ပညာရတနာဟူသော ဝေါဟာရမှာလည်း ပညာဉာဏ်ကဲ့သို့ပင် ပညာဟူသော ဝေါဟာရနှင့် ရတနာဟူသောဝေါဟာရတို့ကို ယှဉ်တွဲသုံးထားခြင်းဖြစ်မည်ဟု ထင်မြင်ယူဆမိပါသည်။ အဆိုပါဝေါဟာရနှစ်ခုကို ယှဉ်တွဲပေါင်းစပ်ယူပါက ပညာရတနာဆိုသည်မှာ နှစ်သက်ဖွယ်မြတ်နိုးဖွယ်ကောင်းသော အသိဉာဏ်၊ အတတ်ဟူ၍ ဖွင့်ဆိုရမည်ဟု ယူဆမိပါသည်။ ပညာရွှေအိုး လူမခိုးဟူသော ဆိုစကားကို ထောက်ရှုခြင်းအားဖြင့် ပညာရွှေအိုးဟူသောဝေါဟာရသည် ပညာနှင့်ရွှေအိုးကိုယှဉ်တွဲဖော်ပြထားပြီး ပညာဟူသည် ရွှေအိုးကြီးကဲ့သို့တန်ဖိုးရှိသည့် လူမခိုးနိုင်သောအရာဟု ဆိုလိုရာရောက်ပါသည်။ ❖

အထက်ဖော်ပြပါ ကဗျာလင်္ကာတို့ကို ဖတ်ရှုလေ့လာကြည့်ပါက လူ့လောက၌ သိအပ်သော၊ တတ်အပ်သော အသိပညာ၊ အတတ်ပညာတို့ကို တတ်သိခြင်းမရှိပါက မျက်စိနှစ်ဖက် စုံလုံးကန်းနေရသူကဲ့သို့လည်းကောင်း၊ အရောင်အဆင်းရှိသော်လည်း အနံ့မရှိသောပေါက်ပန်းကဲ့သို့လည်းကောင်း လူဖြစ်ရှုံးပြီး ချမ်းသာမှုနှင့် ကင်းဝေးရမည်ဖြစ်ကြောင်း ဆရာတော်ကြီးက ပထမအပိုဒ်တွင် ရေးဖွဲ့ထားသည်။

တစ်ဖန် လူ့လောကတွင် သိအပ်တတ်အပ်သော အသိပညာ(ဝိဇ္ဇာပညာ)၊ အတတ်ပညာ(အသက်မွေးမှု အတတ်ပညာ)ရပ်များကို တတ်သိပါက အသိပညာရေးရာအဖြာဖြာ၌ ကျွမ်းကျင်လိမ္မာမှုရှိသဖြင့် တော်ဖြောင့်မှန်ကန်စွာကျင့်သုံးနေထိုင်နိုင်သောကြောင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးနိုင်ပြီး ချမ်းသာသုခကို အမှန်တကယ်ရရှိမည်ဖြစ်ကြောင်း ဒုတိယအပိုဒ်ဖြင့် ဆရာတော်ကြီးက လမ်းညွှန်ဆုံးမခဲ့ပါသည်။

ဤတွင် အလျဉ်းသင့်၍ လူ့လောကတွင် ပညာသည် အခရာကျပုံ၊ အရေးပါပုံ၊ ပညာရှိခြင်း၊ မရှိခြင်း၏ အကျိုးအပြစ်များကို ကျောင်းသားလူငယ်များ သိရှိလိုက်နာစေလိုသော ရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလထုတ် ပညာတန်ဆောင်မဂ္ဂဇင်းတွင် ပါရှိသည့် စာရေးသူကိုယ်တိုင်ရေးဖွဲ့ထားသော ကဗျာလေးကို မျှဝေပေးပါရစေ။

**ပညာသည်သာ အရေး**

- ပညာမဲ့က၊ ဖိုးသုညာ၊ ခေါ်ကြမည်တွင်မှာ။
- ပညာရှိမှ၊ လူ့လောက၊ များလှတွင်ကျယ်တာ။
- ဖိုးသုညတွေ၊ ပေါများချေ၊ တိုင်းပြေ(ပြည်) မချမ်းသာ။
- ပညာတတ်များ၊ လွန်ပေါ်ငြား၊ တိုင်းကားစည်ပင်သာ။
- ဒါကြောင့်တို့များ၊ လုံ့လထား၊ ကြိုးစားပညာရှာ။

**အတတ်ပညာကိုယ်စီပါ**

- **လက်မှုနှုတ်မှု၊** ခုခုအတတ်၊ အရပ်ရပ်ကို၊ မှတ်လေလူအများ၊ အမျိုးသားတို့၊ မှတ်သားနိုင်က၊ ချမ်းသာရလိမ့်။ဆုံးမပေရာ၊ လူလိမ္မာတို့၊ ကြီးပွားပညာ၊ ထင်ရှားရာသည်၊ လူ့ရွာကျော်ကျော် သဲသဲတည်း။

ကျီးသဲလေးထပ်ဆရာတော်
(မြန်မာသက္ကရာဇ် ၁၁၇၉-၁၂၅၆)
ပုရာဏ်ကျမ်းနှင့် ဓမ္မဂန်ဖတ်စာ။

- **လက်မှုနှုတ်မှု၊** ခုခုပညာ၊ ရှိတုံပါက၊ ရောက်ရာရောက်ရာ၊ အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း၊ လနှယ်ဆန်း၍၊ ပန်းသို့လည်းပွင့်၊ ပွဲလည်တင့်၏။

မန်လည်ဆရာတော်ကြီး
မဟာသုတကာရီမဃဒေဝလင်္ကာသစ်။

ကျေးဇူးရှင်ဆရာတော်ကြီး နှစ်ပါး၏ ဖော်ပြပါ လင်္ကာများကို ဖတ်ရှုလေ့လာကြည့်ပါက လူတိုင်း

လူတိုင်းသည် လက်မှုပညာသော်လည်းကောင်း၊ နှုတ်မှုပညာသော်လည်းကောင်း တတ်ကျွမ်းမှသာ လူ့လောကတွင် ထိုပညာဖြင့် အသက်မွေးပြီး ချမ်းသာသုခရရှိ၍ ရောက်ရာအရပ်မှာ မျက်နှာပွင့်လန်းမည်ဖြစ်ကြောင်း ဆိုလိုသည့်အဓိပ္ပာယ်ဖြစ်ပေသည်။

ဤတွင် နှုတ်မှုပညာ၊ လက်မှုပညာတို့နှင့်စပ်လျဉ်းသော ပညာရေးအယူအဆတို့ကို လေ့လာကြည့်သောအခါ **နှုတ်မှုပညာ**ဆိုသည်မှာအပြောအဆို၊ အရွတ်၊ အဖတ်တို့နှင့်စပ်လျဉ်းသောပညာဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန်တွင် **လက်မှုပညာ**ဟူသောဝေါဟာရကို (လ)အက္ခရာအပိုင်းတွင်မတွေ့ရဘဲ **ပန်းဆယ်မျိုး** ဝေါဟာရဖွင့်ဆိုချက်တွင် **လက်မှုအတတ်ပညာဆယ်မျိုး။** (ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်)ဟု ပါရှိသည်။

ယခုအခါ နှုတ်မှုပညာကို ဝိဇ္ဇာပညာရပ်(Art) အဖြစ်လည်းကောင်း၊ စက်မှုလက်မှုပညာကို သိပ္ပံပညာရပ်(Science) အဖြစ်လည်းကောင်း အသီးသီး ရေးသားပြန်ဆိုနေကြပြီဖြစ်သည်။

**ရှေးခေတ်က ခေတ်စားသော အဋ္ဌရသ(၁၈)ရပ်**

- လူမှုရေးရာ၊ လူခြင်းရာကား၊ **အဋ္ဌရသ၊** သိပ္ပမခြား၊ ဆယ့်ရှစ်ပါးတွင်၊ တစ်အင်အင်ကို၊ အကြင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍၊ သူ့နောက်ကသာ၊ ရှိတို့ရာလိမ့်၊ ချမ်းသာရမည်ခဲ၏တည်း။

အတုလဆရာတော်ခင်ကြီးဖျော်
(မြန်မာသက္ကရာဇ် ၁၀၈၆-၁၁၂၄)
ပုတ္တောဝါဒဆုံးမစာ။

- သူတော်တကာ၊ တတ်စရာကား၊ **အဋ္ဌရသ၊** သိပ္ပမခြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊ နှံ့မျှလုံ့ခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုကုန်အောင်၊ စီးပွားဆောင်လေ့။

ကန်တော်မင်းကျောင်းဆရာတော်
(မြန်မာသက္ကရာဇ် ၈၀၀-၈၇၅)
လောကသာရပျို့။

- **အဋ္ဌရသ၊** သိပ္ပစင်စစ်၊ ထင်ရှားဖြစ်၏၊ ရင်နှစ်ရွှေတုံး၊ သည်အားလုံးကို၊ သိမ်းကျုံးပိုင်ပိုင်၊ မသင်နိုင်လည်း၊ ဆိုင်ရာဆိုင်ရာ၊ စိတ်မှာပျော်ပါး၊ အတတ်များကို၊ သင်ကြားလေ့လာ၊ တတ်အပ်ရာသည်၊ ရတနာမျက်ရှု သားရွှေဥ။

စာတော်ပြင်ဆရာကြီး ဦးပညာ
(မြန်မာသက္ကရာဇ် ၁၁၂၅-၁၁၈၅ ခန့်)
သားရွှေဥဆုံးမစာ။

မြန်မာတို့ခေတ်အဆက်ဆက် သင်ကြားသင်ယူမှုပြုခဲ့ကြသော အဋ္ဌရသ(၁၈)ရပ်ခေါ် ပညာရပ်(၁၈)မျိုးကို လောကနီတိ၊ ပဏ္ဍိတကဏ္ဍတွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်ကို လေ့လာမှတ်သားရသည်။

၁။ သုတိစ-အကြားအမြင်အတတ်၊ ၂။ သမ္မုတိစ-ဓမ္မသတ်အတတ်၊ ၃။ သင်္ချာစ-ဂဏန်းအတတ်၊ ၄။ ယောဂါစ-တံစည်း၊ စူးဆောက်အတတ်၊ ၅။ နီတိစ-နီတိကျမ်းအတတ်၊ ၆။ ဝိသေသကာစ-ယာယီယတြာ စသော ဗျာကရိုဏ်းအတတ်၊ ၇။ ဂန္ဓဗ္ဗာစ-စောင်းညှင်း စသော ကဗျာလင်္ကာအတတ်၊ ၈။ ဂဏိကာစေဝ-လက်ပစ်အတတ်၊ ၉။ ဓနုဗေဒါဝ-ဒူးလေးလင်းလေး အတတ်၊ ၁၀။ ပူရဏာစ-စကားဟောင်းအတတ်၊ ၁၁။ တိကိစ္ဆာစ-ဆေးအတတ်၊ ၁၂။ ဣတိဟာသစ- ရယ်ရွှင်မှုအတတ်၊ ၁၃။ ဇောတိစ-ဗေဒင်အတတ်၊ ၁၄။ မာယာစ-လှည့်ပတ်သောအတတ်၊ ၁၅။ ဆန္ဒတိစ-ဆန်းကျမ်းအတတ်၊ ၁၆။ ကေတုစ-သံတမန် အတတ်၊ ၁၇။ မန္တာစ-မန္တာန်အတတ်၊ ၁၈။ သဒ္ဒါစ-သဒ္ဒါကျမ်းအတတ်။

အထက်ဖော်ပြပါ ရဟန်းပညာရှိ၊ လူပညာရှိတို့၏ ဆုံးမစာများကို ဖတ်ရှုလေ့လာကြည့်ပါက အဋ္ဌရသ(၁၈)ရပ်သော အတတ်ပညာအားလုံးကို အကုန်အစင်တတ်မြောက်အောင် သင်ယူနိုင်စွမ်းရှိမည်မဟုတ်ပါ။ သို့ရာတွင် ထိုပညာရပ်များအနက်မှ မိမိတို့နှစ်သက်ရာ စိတ်ဝင်စားရာ ပညာရပ်တစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင်သင်ကြားရန်လိုအပ်ကြောင်း၊ ထိုအတတ်ပညာဖြင့် မိမိဘဝကိုချမ်းသာသုခရအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဆုံးမလမ်းညွှန်ခဲ့ကြပါသည်။

မြန်မာနိုင်ငံပညာရေးသမိုင်းကို လေ့လာကြည့်သောအခါ ပညာသင်ယူခြင်းနှင့်ပတ်သက်၍ လည်း မင်းညီမင်းသားမှစ၍ မှူးမတ်နှင့် သူဌေးသူကြွယ် သားသမီးများ၊ အသည်သား၊ တောင်သူလယ်သမား သားသမီးများနှင့် မိလက္ခုသားသမီးများပါမကျန် ဘုန်းကြီးကျောင်းများတွင် အခမဲ့တန်းတူရည်တူ အတူတကွ ပညာသင်ယူခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

မြန်မာတို့ခေတ်အဆက်ဆက်သင်ကြားသင်ယူခဲ့သော နှုတ်မှုပညာ၊ လက်မှုပညာတို့ အစုံအလင်ပါရှိသော ပညာရပ်များသည် ထိုခေတ်ထိုအခါက မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အခြေအနေ၊ အချိန်အခါအလျောက် လိုအပ်ချက်(Necessary)တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဖော်ဆောင်နိုင်စွမ်းရှိသည့် ကာယ၊ ဉာဏ၊ စာရိတ္တ(လက်ရုံးရည်၊ ပညာရည်၊ နှလုံးရည်) ဘက်စုံဖွံ့ဖြိုးစေရေးစွမ်းပကားကို ဖြည့်ဆည်းပေးနိုင်ခဲ့သော ပညာမျိုးဖြစ်ခဲ့ကြောင်း သိသာနိုင်ပါသည်။

နောင်အနာဂတ် မြန်မာနိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးကြီးကျယ်စေရန်အတွက် ယနေ့ လူငယ်များ ပညာရတနာကို ကြိုးစားရှာဖွေဆည်းပူးကြရန် တိုက်တွန်းလိုက်ပါသည်။


**ကိုးကား–**

၁။ **မြန်မာအဘိဓာန်(ဒုတိယအကြိမ်)၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန။**
၂။ **မြန်မာနိုင်ငံ ပညာရေးသမိုင်း(အခြေခံပညာကဏ္ဍ)၊ ပညာရေးဝန်ကြီးဌာန။**
၃။ **တွင်းသင်းမြန်မာရာဇဝင်သစ်(ပထမတွဲ)၊ မင်္ဂလာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။**

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်း လိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဍာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေမှန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ (မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများ ရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးတို့ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲနှင့် U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၃ ခုနှစ် (၃၂)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၁၈ ကော်လံ ၁ ☆



## ဂျပန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ခရိုအေးရှားအသင်း ကမ္ဘာ့ဖလားကွာတားဖိုင်နယ်သို့ တက်ရောက်

**ဒိုဟာ ဒီဇင်ဘာ ၅**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ယနေ့ညပိုင်းက ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ခရိုအေးရှားအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း ဂျပန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၄၃ မိနစ်အရောက်တွင် ယိုရှီဒါ၏ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူး မိုယာဒါက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ခရိုအေးရှားအသင်း ဖိအားအောက်ကျရောက်ခဲ့ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com